# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက် | ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်၊ စနေနေ့ | အတွဲ (၆၅)၊ အမှတ်(၁၂၃)


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၈၆)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။


**ယနေ့ ဖတ်စရာ**

(၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်)ကို ခြောက်ရက်တိုင်တိုင် ကျင်းပသွားမည်
ပြည်တွင်းသတင်း | စာ ၅

ယဉ်ကျေးမှုအမွေအနှစ်များဖြင့် ဂုဏ်ယူဝင့်ကြွားဖို့ ရေပ်ဒေသများနှင့် ရိုးရာအသိပညာများထိန်းသိမ်းစို့
ဆောင်းပါး | စာ ၆

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ
ပြည်တွင်းသတင်း | စာ ၈

၁၃၈၇ ခုနှစ်(၂၀၂၆) ခုနှစ် အစိုးရ ဓမ္မာစရိယစာမေးပွဲ အချိန်စာရင်း ကြေညာ
ပြည်တွင်းသတင်း | စာ ၁၀




## ရှေးဟောင်းသမိုင်းဝင် ပခုက္ကူမြို့ သီဟိုဠ်ရှင်မြတ်စွာဘုရားစေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်းကျော်ပြီးစီး

ပခုက္ကူ ဇန်နဝါရီ ၃၀

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးကိုယ်တိုင် တည်ထားကိုးကွယ်တော်မူခဲ့သော ရှေးဟောင်းသမိုင်းဝင် သီဟိုဠ်ရှင်မြတ်စွာဘုရားစေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်းလုပ်ငန်းကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ ရွှေသင်္ကန်းကပ်လှူနိုင်ရေးအတွက် ငြမ်းလုပ်ငန်း၊ ပြဒါးခံသစ်ဆေးသုတ်လုပ်ငန်းနှင့် ရွှေဆိုင်းချခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်း စသည်ဖြင့် အပိုင်း(၃)ပိုင်းခွဲ၍ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ စေတီတော်ကြီးအပါအဝင် အရံစေတီ ၃၆ ဆူတို့အား ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေးအတွက် စေတနာရှင်ပြည်သူများ ကုသိုလ်ပြုပါဝင်လှူဒါန်းကြကြောင်း၊

*စာမျက်နှာ ၅ ကော်လံ ၆* ❑




# ဂမ်ဘီယာနှင့် မြန်မာတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲတွင် မြန်မာ၏ ဒုတိယအကျော့ လျှောက်လဲမှု နောက်ဆုံးရက်၌ မြန်မာနိုင်ငံ၏ ရှေ့နေများက ဂမ်ဘီယာ၏ အထောက်အထားများ ခိုင်လုံမှုမရှိကြောင်းနှင့် တရားသူကြီးများ၏ မေးခွန်းများကို လျှောက်လဲဖြေကြား

**နေပြည်တော် ဇန်နဝါရီ ၂၀**

ဂမ်ဘီယာနှင့် မြန်မာတို့၏ အမှုနှင့် ပတ်သက်၍ ကြားနာပွဲ (Oral Hearing) ကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ပြုလုပ်လျက်ရှိရာ မြန်မာနိုင်ငံ၏ ဒုတိယအကျော့ လျှောက်လဲမှု နောက်ဆုံးရက်ကို ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီနှင့် မွန်းလွဲ ၃ နာရီ ၄ နာရီခွဲအထိတွင် ပြုလုပ်သည်။

မြန်မာနိုင်ငံ၏ ရှေ့နေများက ဂမ်ဘီယာ၏ အထောက်အထားများ ခိုင်လုံမှုမရှိကြောင်းနှင့် တရားသူကြီးများ၏ မေးခွန်းများကို လျှောက်လဲဖြေကြား ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ၏ရှေ့နေ Ms. Alina Miron က တရားသူကြီး Gomez ၏ မေးခွန်းကို ဖြေကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးအစီရင်ခံစာ တင်သွင်းသူ Ms. Yang Hee Lee ကို မြန်မာနိုင်ငံသို့ ၆ ကြိမ်ထက်မနည်း လာရောက်ခွင့်ပြုခဲ့ပြီး ရခိုင်ပြည်နယ်သို့လည်း သွားရောက်ခွင့်ပြုခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် Ms. Yang Hee Lee ၏ ပြောကြားချက်များသည် သံတမန်မဆန်ဘဲ မြန်မာလူမျိုးနှင့် မြန်မာနိုင်ငံသားများအပေါ် ထိခိုက်စေသဖြင့် မြန်မာနိုင်ငံက ၎င်းအပေါ် ယုံကြည်မှုလျော့ပါးခဲ့ပါကြောင်း၊ ကုလသမဂ္ဂ၏ အချက်အလက်စုံစမ်းရှာဖွေရေးအဖွဲ့ (FFM)ကို ဖွဲ့စည်းသည့် ဆုံးဖြတ်ချက်သည် မဲပေးခြင်းမပြုဘဲ ဆုံးဖြတ်ခဲ့သော်လည်း အဖွဲ့ဝင်နိုင်ငံအားလုံးက သဘောတူဆုံးဖြတ်ခြင်း မဟုတ်ဘဲ မထောက်ခံသည့်(dissociate) နိုင်ငံများ ရှိခဲ့ပါကြောင်း။

FFM နှင့် မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးယန္တရား (IIMM) ကို အသိအမှတ်မပြုရခြင်းမှာလည်း လူ့အခွင့်အရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏ သဘောထားကို ရယူခြင်းမရှိဘဲ မြန်မာနိုင်ငံကို ဆန့်ကျင်လျက်ရှိသော ဒေသတွင်းနိုင်ငံများ၏ သဘောတူညီချက်ဖြင့် FFM နှင့် IIMM ကို ဖွဲ့စည်းခဲ့သဖြင့်လည်းကောင်း၊ FFM ၏ လုပ်ငန်းတာဝန်များကို ဖော်ပြရာတွင် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျူးလွန်သည့်ပြစ်မှုများကို စစ်ဆေးရန်ဟု စတင်ကတည်းက ဖော်ပြထားခြင်းသည် ဘက်လိုက်မှုရှိနေသဖြင့်လည်းကောင်း မြန်မာနိုင်ငံက ယုံကြည်မှုပျက်ပြားခြင်းဖြစ်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံ၏ ကုလသမဂ္ဂ ကိုယ်စားလှယ်မှာ ၂၀၂၁ ခုနှစ်ကပင် ကုလသမဂ္ဂ အဓိကအဖွဲ့အစည်းများတွင် ပါဝင်ဆွေးနွေးခွင့် မရှိခဲ့ပါကြောင်း၊ လူ့အခွင့်အရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိဘဲ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်စွပ်စွဲသော လုပ်ထုံးလုပ်နည်းများဖြင့် အချက်အလက်များ စုဆောင်းခဲ့သဖြင့် မြန်မာနိုင်ငံက FFM ၏ လုပ်ငန်းစဉ်အပေါ် ပူးပေါင်းဆောင်ရွက်ရန် တာဝန်မရှိပါကြောင်း၊ Genocide Convention နှင့် ကုလသမဂ္ဂပဋိညာဉ်တွင်လည်း ယင်းသို့သော အဖွဲ့အစည်းများ နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုနိုင်သည့် ပြဋ္ဌာန်းချက်မျိုး ဖော်ပြထားခြင်း မရှိပါကြောင်း။

တရားသူကြီး Gomez Robledo ၏ သက်သေခံ အချက်အလက်များနှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားရာတွင် အငြင်းပွားသည့်နိုင်ငံအချင်းချင်း အကြား အမှန်တရားရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိသည်ဟု ဖော်ပြထားသော်လည်း FFM နှင့် IIMM ကဲ့သို့သော Third party နှင့် ပူးပေါင်းဆောင်ရွက်ရန် တာဝန်မရှိကြောင်းကို ယင်းအမှုတွင် ဖော်ပြထားပါကြောင်း၊ ထို့ကြောင့် တရားရုံးအနေဖြင့် Genocide Convention နှင့် ဥပဒေအချက်အလက်များအရ မြန်မာနိုင်ငံသည် ပူးပေါင်းဆောင်ရွက်ရန် တာဝန်မရှိသည်ကို တာဝန်ရှိသည်ဟု ဆွဲယူသုံးသပ်ခြင်းမျိုး မပြုသင့်ပါကြောင်း၊ ဂမ်ဘီယာအနေဖြင့် မြန်မာနိုင်ငံသည် လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် အခြားသူများကို အရေးယူသင့်ကြောင်း တင်ပြရာတွင် မြန်မာနိုင်ငံမှ အဓိကတာဝန်ရှိ ပုဂ္ဂိုလ် ၆ ဦးဟူ၍ အမည်တပ်ကာ ယခင်က အစဉ်တစိုက် ဖော်ပြလျှောက်ထားခဲ့သော်လည်း ဂမ်ဘီယာ Agent ၏နောက်ဆုံးတင်ပြသော တောင်းဆိုချက်တွင် အဆိုပါပုဂ္ဂိုလ်များ၏ အမည်များအား ထည့်သွင်း ဖော်ပြခြင်း မပြုတော့သဖြင့် ဂမ်ဘီယာအနေဖြင့် ယင်းစွပ်စွဲ ပြောဆိုချက်အပေါ် ပြန်လည်ရုပ်သိမ်းခဲ့ ခြင်းဖြစ်သည်ဟု ယူဆနိုင်ကြောင်း။

အချက်အလက်များအား စုံစမ်းထောက်လှမ်းရမည့်တာဝန်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ကြားဖြတ်စီမံဆောင်ရွက်ချက်များကို အကောင်အထည်ဖော်သည့် အစီရင်ခံစာများတွင် တရားစွဲဆို အရေးယူမှုများအား ထည့်သွင်းဖော်ပြခဲ့ပါကြောင်း၊ ICOE အဖွဲ့ကို ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံသား နှစ်ဦး၊ နိုင်ငံတကာ ကျွမ်းကျင်ပုဂ္ဂိုလ် နှစ်ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး အဖွဲ့အစည်းကို ဖွဲ့စည်းသည့် လုပ်ငန်းဖွဲ့စည်းမှုစည်းမျဉ်းများ (TOR) အရ ဘက်လိုက်မှု ကင်းရှင်းပြီး FFM ထက် သာလွန်ပါကြောင်း၊ အဆိုပါအဖွဲ့အစည်း၏ ပဏာမ စိစစ်ချက်များအပေါ် ထပ်မံ၍ စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ပါကြောင်း၊ ICOE မှ စုဆောင်းသည့် အချက်အလက်များကို စိစစ်ပြီး တရားစွဲဆိုအရေးယူနိုင်ရေးအတွက် CIPB အဖွဲ့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ အဆိုပါအဖွဲ့အား ARSA၊ ရဲနှင့် အရပ်သားများ၏ ကျူးလွန်သည်ဟု စွပ်စွဲမှုများကို တရားစွဲဆို အရေးယူနိုင်ရေးအတွက် အခွင့်အာဏာ ပေးထားကြောင်း၊ တပ်မတော်အား တပ်မတော်သားများ ကျူးလွန်သည်ဟု စွပ်စွဲပြောဆိုသော ကျူးလွန်မှုများအပေါ် တပ်မတော်၏ တရားစီရင်ရေးစနစ်ဖြင့် အရေးယူရန် အခွင့်အာဏာပေးထားကြောင်း။

တရားသူကြီး Charlesworth နှင့် Pillay တို့က မေးမြန်းသော စစ်ဆင်ရေးအတွင်း ပြင်းထန်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများဆိုင်ရာ မြန်မာနိုင်ငံ၏ စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ခဲ့သော အချက်အလက်များအား တင်ပြရန် မေးမြန်းချက်နှင့် စပ်လျဉ်း၍ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများသည် နစ်နာသူ၏ တိုင်ကြားချက်မရှိခြင်း၊ ကာလကြာရှည်မှ နောက်ကြောင်းပြန်တိုင်ကြားခြင်းတို့ကြောင့် အရေးယူဆောင်ရွက်မှုပြုရန် သက်သေလုံလောက်မှု မရှိပါကြောင်း။

တရားသူကြီး Charlesworth နှင့် Pillay တို့၏ ကျေးရွာများအား မီးရှို့ဖျက်ဆီးသည်ဟုဆိုသော စွပ်စွဲချက်နှင့်စပ်လျဉ်းသည့် မေးမြန်းချက်အပေါ် မြန်မာ့တပ်မတော်က ကျူးလွန်သည်ဟု စွပ်စွဲပြောဆိုခဲ့သော်လည်း ဂမ်ဘီယာနိုင်ငံအနေဖြင့် သက်သေအထောက် အထား တင်ပြနိုင်ခြင်းမရှိကြောင်း လျှောက်လဲခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံ၏ ရှေ့နေ Mr. Sam Bloom-Cooper က လျှောက်လဲရာတွင် ဂမ်ဘီယာ၏ ဒုတိယအကျော့လျှောက်လဲချက်တွင် မြန်မာနိုင်ငံအနေဖြင့် လူမျိုးသုဉ်းစေသည့် ဆောင်ရွက်ချက် ရည်ရွယ်ချက်များရှိသည်ဟု လုံးဝသက်သေမပြနိုင်ကြောင်း၊ ဂမ်ဘီယာ၏ ကျွမ်းကျင်သက်သေသည် အမှု၏ နောက်ဆုံးအချိန်တွင်မှ မြန်မာနိုင်ငံအနေဖြင့် လူမျိုးသုဉ်းစေလိုသည်ကို သက်သေပြရန် မြန်မာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရွာများတွင် (ဘင်္ဂါလီရွာများကို ဝိုင်းပတ်ပိတ်ဆို့ခြင်း၊ ရုတ်ခြည်းတိုက်ခိုက်ခြင်း၊ ဘက်ပေါင်းစုံ ထောင့်ပေါင်းစုံမှတိုက်ခိုက်ကြောင်း၊ အရပ်သားများကိုမခွဲခြားဘဲ ပစ်ခတ်ခြင်း၊ အမျိုးသား၊ ကလေးများကို အမျိုးသမီးများနှင့် ခွဲခြားခြင်း၊ အမျိုးသမီးများကို အုပ်စုဖွဲ့အဓမ္မကျင့်ခြင်း၊ တရားမဲ့သတ်ဖြတ်ခြင်း၊ ထွက်ပြေးနေသူများကို ပစ်ခတ်ခြင်း၊ အိမ်များကို မီးရှို့ခြင်း၊ စက်ယန္တရားများနှင့် မြေရှင်းခြင်း စသည့်တူညီသော ဆောင်ရွက်မှုပုံစံ (Modus Opreandi)ဖြင့် ကျူးလွန်သည်ဟု စကားလုံးအသစ်ဖြင့် ပြောဆိုလာပါကြောင်း။

ကျွမ်းကျင်သက်သေ၏ ထွက်ဆိုချက်တွင် အားနည်းချက်များကို သက်သေစစ်ဆေးသည့် မြန်မာနိုင်ငံ၏ ရှေ့နေ Mr.Hooper က ထောက်ပြခဲ့ပြီးဖြစ်ကြောင်း၊ ကျွမ်းကျင်သက်သေက နေရာ ၅၄ နေရာတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများရှိခဲ့သည်ဟု ဆိုသော်လည်း ဂမ်ဘီယာ၏ ဒုတိယအကျော့ လျှောက်လဲချက်အရ ၁၀ နေရာခန့်သာရှိသည်ဟု ပြင်ဆင်လျှောက်လဲပြန်ပါကြောင်း၊ ကလေးများ သေဆုံးသည်ကို ဂမ်ဘီယာက နယ်စည်းမခြား ဆရာဝန်များအဖွဲ့၏ အချက်အလက်ကိန်းဂဏန်းများကို ကိုးကား၍ဖော်ပြသော်လည်း ယင်းအချက်အလက်များသည် အကြမ်းဖျင်းကောက်နုတ်၍ ခြုံငုံတင်ပြချက်များဖြစ်ပြီး တိကျသေချာသည်ဟု မဆိုလိုနိုင်သည့် ချဲ့ကားထားသော ကိန်းဂဏန်းများဖြစ်ကြောင်း လျှောက်လဲသည်။

ထို့နောက် မြန်မာနိုင်ငံ၏ ရှေ့နေ Prof. Talmon က ဂမ်ဘီယာက တောင်းဆိုထားသည့် ပေးလျော်ရန် ကိစ္စများနှင့်ပတ်သက်၍ တရားရုံးသည် လူမျိုးသုဉ်းစေမှုနှင့် ပတ်သက်၍ အမှုကျူးလွန်ကြောင်းနှင့် ဆက်လက်မကျူးလွန်ရန် တားမြစ်ကြောင်း ကိစ္စများကိုသာ ဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်း၊ တရားသူကြီး Cleveland မေးမြန်းသည့် အပြည်ပြည်ဆိုင်ရာတရားရုံးများ၊ ခုံရုံးများနှင့်အမှုသည်များက ဤအမှုတွင် ပေးလျော်ရန်ကိစ္စကို ကိုင်တွယ်ဆုံးဖြတ်ရန် သင့်လျော်သည်ဟု ယူဆသည့် တရားရုံးများဆိုင်ရာ မေးခွန်းနှင့်ပတ်သက်၍ နစ်နာသူမဟုတ်သည့် နိုင်ငံက စာချုပ်ဝင်နိုင်ငံအနေဖြင့် စွဲဆိုသည့် ကိစ္စတွင် လျော်ကြေးအလိုရှိသူသည် စွဲဆိုသည့်နိုင်ငံသား မဟုတ်ကြောင်း၊ လက်ရှိအထိ နစ်နာသူမဟုတ်သည့် တရားစွဲဆိုသည့် နိုင်ငံနှင့်ပတ်သက်၍ ယခင် ဆုံးဖြတ်ချက်များ မရှိဖူးသေးကြောင်း။

ယင်းကဲ့သို့သော အမှုမျိုးသည် ဥရောပလူ့အခွင့်အရေးစာချုပ်၊ အမေရိက လူ့အခွင့်အရေးစာချုပ်နှင့် အာဖရိကလူသားနှင့် လူပုဂ္ဂိုလ်များ၏ ပဋိညာဉ်စာချုပ် စသည်တို့တွင်သာ အကျုံးဝင်မည်ဖြစ်ကြောင်း၊ အကယ်၍ နစ်နာသူ တစ်ဦးတစ်ယောက်က စာချုပ်တွင် ပါဝင်ခြင်းမရှိသည့် နိုင်ငံကို စွဲဆိုပါက နစ်နာမှုအတွက် လျော်ကြေးတောင်းခံပိုင်ခွင့်မရှိကြောင်း ICJ တရားရုံးကိုယ်တိုင်က ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အကြံပေးခြင်းတွင် အတည်ပြုထားပါကြောင်း၊ နစ်နာသူမဟုတ်သည့်နိုင်ငံ လျော်ကြေးတောင်းခံမည်ဆိုပါက နိုင်ငံများက အပြိုင်တောင်းဆိုခြင်း၊ မတူညီသည့် တောင်းဆိုမှုများ ပြုခြင်းရှိနိုင်ပြီး လျော်ကြေးကို အမှန်နစ်နာသူထံ မည်သို့မည်ပုံ ရရှိအောင်ပေးအပ်မည်ကလည်း အခက်အခဲရှိပါကြောင်း၊ အထူးသဖြင့် စွဲဆိုခံရသည့် နိုင်ငံ၏ နိုင်ငံသား မဟုတ်သူများက တရားမျှတမှု၊ ကြားကာလ တရားစီရင်ရေးတို့တွင် တောင်းဆိုချက်များသည် အခက်အခဲရှိကြောင်း၊ သို့ဖြစ်၍ ယခုကိစ္စရပ်မျိုးတွင် စာချုပ်ကို လိုက်နာရန်နှင့် ဖောက်ဖျက်မှုများ ရပ်တန့်ရန် ကိစ္စများကို ဆုံးဖြတ်ရန်သာ အဓိကသင့်လျော်ကြောင်း လျှောက်လဲသည်။

ယင်းနောက် မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေ Mr. Staker က ဂမ်ဘီယာ၏ သက်သေများ သက်သေအဆင့်မမီကြောင်းနှင့် ပတ်သက်၍ တရားသူကြီး Cleveland ၏ မြန်မာနိုင်ငံက ကုလသမဂ္ဂအချက်အလက်ရှာဖွေရေးအဖွဲ့၊ NGO များ၏ မေးခွန်း ဖြေကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့၊ NGO များ၏ အချက်အလက်များသည် သက်သေအဆင့်လုံးဝမရှိကြောင်း ငြင်းဆိုနေခြင်း မဟုတ်ကြောင်း၊ ယခုအမှုတွင် အဓိကအချက်များဖြစ်သည့် ရက်စက်ဆိုးရွားမှုများ ကျူးလွန်ခြင်း၊ ယင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့်ကျူးလွန်ခြင်း၊ တစ်ပုံစံတည်း ကျူးလွန်ခြင်းဟူသော စွပ်စွဲချက်များက အဓိကဖြစ်နေသဖြင့် ယင်းတို့ကို သက်သေပြရာတွင် လူမျိုးသုဉ်း သတ်ဖြတ်ခြင်းမှ လွဲ၍ အခြားကောက်ချက်ချရန် မရှိသည့်အထိ သက်သေပြရန် မဖြစ်နိုင်ကြောင်း။

ထိုသို့သက်သေပြနိုင်ရန် သက်သေအဆင့်အတန်း မြင့်မားရန် လိုအပ်ကြောင်း၊ အထက်ပါ ကုလသမဂ္ဂနှင့် ပြင်ပအဖွဲ့အစည်းများသည် တစ်ဆင့်ကြား အချက်အလက်များကိုသာ ကိုးကားရေးသားသဖြင့် ၎င်းတို့ကို ယခုအမှုတွင် သက်သေခံအဆင့်မမီကြောင်း သတ်မှတ်ပေးရန် မြန်မာက ရပ်တည်ပါကြောင်း၊ သာမန်အရပ်ဘက် တရားရုံး၊ နိုင်ငံတကာ ပြစ်မှုခုံရုံးစသည်တို့တွင် ယခုကဲ့သို့သော သက်သေများကို လက်မခံပါကြောင်း၊ IIMM အနေဖြင့် စတင်ဖွဲ့စည်းချိန်မှ ၇ နှစ်အတွင်း ယခုအမှုအတွက် ထွက်ဆိုချက် ၄၂ ခုသာထောက်ပံ့ပေးနိုင်ကြောင်း၊ မြန်မာက ARSA အကြမ်းဖက်အဖွဲ့နှင့် ပတ်သက်၍ FFM နှင့် NGO များကို ကိုးကားလျှောက်လဲခြင်းမှာ မြန်မာက ယင်းကိစ္စများကို သက်သေပြလို၍ မဟုတ်ဘဲ ဂမ်ဘီယာ၏ အချက်အလက်များအရ သက်သေပြရမည့် စံနှုန်းမညီကြောင်း ထောက်ပြလိုခြင်းသာ ဖြစ်ကြောင်း။

အမှန်သက်သေပြရမည့် တာဝန်သည် ဂမ်ဘီယာတွင်သာရှိကြောင်း၊ ဂမ်ဘီယာက FFM ဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှုကို အဖွဲ့တွင် ပါဝင်ခဲ့သူတစ်ဦး၏ အချက်အလက်များကို သုံး၍ ချေပနေသော်လည်း ယင်းအဖွဲ့တွင် မှုခင်းဆေးပညာ စသည့်ကျွမ်းကျင်သူများ မပါဝင်ကြောင်း၊ ဂမ်ဘီယာအနေဖြင့် တစ်ဆင့်ကြားစကားများဖြင့် များစွာစွပ်စွဲပြောဆိုနေသော်လည်း အင်းဒင်ဖြစ်စဉ်မှလွဲ၍ *စာမျက်နှာ ၄ သို့*



# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ကိုယ်စားလှယ် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၏ ကြားနာပွဲပြီးဆုံးသည့် မိန့်ခွန်း

လေးစားအပ်ပါသော အပြည်ပြည်ဆိုင်ရာတရားရုံး ဥက္ကဋ္ဌကြီး၊ ဂုဏ်သရေရှိ ဒုတိယဥက္ကဋ္ဌကြီးနှင့် တရားသူကြီးမင်းများ ခင်ဗျား၊

၁။ ယခုလို တရားရုံး၏ရှေ့မှောက်သို့ ပြန်လည်လာရောက်၍ မြန်မာနိုင်ငံ၏ အဆိုပြုချက် တင်သွင်းခွင့်ရသည့်အတွက် ဂုဏ်ယူပါကြောင်း၊ အဆိုပြုချက်မတင်သွင်းမီ စကားအနည်းငယ် ပြောကြားလိုပါကြောင်း၊

၂။ ယခု ရက်သတ္တပတ် (၃) ပတ်အကြာ ပြုလုပ်သည့် ကြားနာပွဲပြီးဆုံးမှုနှင့်အတူ တရားရင်ဆိုင်မှုတွင် ပါဝင်သူအားလုံးလည်း ပင်ပန်းသွားကြပြီဖြစ်ကြောင်း၊ တရားရုံးတွင်လည်း ယခုကဲ့သို့ ရှည်လျားသည့် ကြားနာပွဲမရှိခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ ယခုကြားနာပွဲတွင် နှစ်ဖက်လျှောက်လဲချက်များကို တရားသူကြီးများက အလေးထားပြီး ဆင်ခြင်သုံးသပ်ပေးမည် ဖြစ်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုအချိန်သည် တရားရုံးအတွက် အလုပ်များနေချိန်ဖြစ်နေကြောင်း၊ ယင်းကြားမှ အချိန်ပေးပြီး အထူးတလည် ဆောင်ရွက်ပေးသည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊

၃။ သို့သော် အမှုအတွက် အချိန်ပေးရန်နှင့် အာရုံစိုက်ပေးရန် အရေးကြီးပါကြောင်း၊ ထူးခြားသည့်အမှုလည်းဖြစ်ကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အလွန်အရေးကြီးပါကြောင်း၊ ဤအမှုကို ပြည်တွင်း၌ မျက်ခြည်မပြတ် စောင့်ကြည့်နေကြကြောင်း၊ ယခု ရက်သတ္တပတ် (၃)ပတ်အတွင်း ပြည်တွင်း၊ ပြည်ပ၌ အလေးပေးစောင့်ကြည့်နေသူများအနေဖြင့် အမှု၏ ရှုပ်ထွေးနက်နဲမှုကို သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံအနေဖြင့် ယခုကဲ့သို့ ကြီးလေးသည့် စွပ်စွဲချက်ကို ကာကွယ်ရသည့် အနေအထားကိုတော့ အနည်းဆုံး သိရှိခွင့်ရရှိကြမှာဖြစ်ကြောင်း၊ နိုင်ငံနှင့် ပြည်သူများအပြင် နောင်လာမည့်မျိုးဆက်သစ်များအတွက် အရေးပါသည့် အကျိုးစီးပွားအလို့ငှာ အမှုရင်ဆိုင်ရပုံနှင့် အဆင့်အတန်းရှိသည့် သက်သေများ တင်သွင်းရပုံကို သိရှိနိုင်မည်ဖြစ်ကြောင်း၊

၄။ ယမန်နေ့က ဂမ်ဘီယာမှ တင်သွင်းသည့် သက်သေသုံးဦးက အမှုအတွက် သက်သေထူနိုင်ခြင်း မရှိကြောင်းကို မြန်မာရှေ့နေက လျှောက်လဲခဲ့ကြောင်း၊ ကြားနာပွဲကာလအတွင်း မြန်မာက ယင်းကဲ့သို့ မေးခွန်းများထုတ်ခဲ့ကြောင်း၊ မြန်မာက လူမျိုးသုဉ်းစေမှုဆိုင်ရာ သဘောတူစာချုပ်၏ အဓိပ္ပာယ်ဖွင့်ဆိုမှုကို မေးခွန်းထုတ်ခဲ့ကြောင်း၊ တစ်ဖက်က တင်သွင်းသည့် အချက်အလက်များ၏ ခိုင်မာမှုအပေါ် မေးခွန်းထုတ်ခဲ့ကြောင်း၊ ယင်းသို့ မေးခွန်းထုတ်ရခြင်းမှာ မြန်မာနိုင်ငံ၏ ဖြစ်စဉ်အမှန်ကို သိရှိစေလို၍ ဖြစ်ကြောင်း၊ ယင်းသို့ မေးခွန်းထုတ်ရခြင်းမှာ တရားရုံးအနေဖြင့် သမာသမတ်ကျစွာ အမှန်အတိုင်း တရားစီရင်မည်ကို ယုံကြည်၍ ဖြစ်ကြောင်း၊

၅။ နိဂုံးချုပ်အနေဖြင့် တရားရုံးမော်ကွန်းထိန်းနှင့် မော်ကွန်းထိန်းဌာနတွင် တာဝန်ထမ်းဆောင်နေသူအားလုံး၊ စကားပြန်များ၊ လုံခြုံရေးအဖွဲ့များအပြင် ကြားနာပွဲ အဆင်ပြေချောမွေ့စွာ ပြုလုပ်နိုင်ရေးအတွက် အလေးပေးဆောင်ရွက်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံ၏ လျှောက်လဲချက်များကို အလေးအနက်ထား နားထောင်ပေးခဲ့သည့် တရားရုံး၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်တရားသူကြီးများအားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊

၆။ ယခုမိမိအနေဖြင့် တရားရုံး၏ စည်းမျဉ်းဥပဒေပုဒ်မ ၆၀၊ အပိုဒ် ၂ အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကိုယ်စား အောက်ဖော်ပြပါ အဆိုလွှာအတိုင်း စီရင်ဆုံးဖြတ် ကြေညာပေးနိုင်ပါရန် အပြည်ပြည်ဆိုင်ရာ တရားရုံးအား လျှောက်တင်အပ်ပါသည် –

(က) လူမျိုးသုဉ်းစေမှု တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေး သဘောတူစာချုပ်ကို ဖောက်ဖျက်ကြောင်း ဂမ်ဘီယာသမ္မတနိုင်ငံက တရားရုံးသို့ အဆိုပြုသည့် စွပ်စွဲချက်များမှာ ဥပဒေကြောင်းအရနှင့် အချက်အလက်ပိုင်းအရ ခိုင်မာမှု မရှိသည့်အတွက် ပယ်ချပေးပါရန်၊

(ခ) တရားရုံးက ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၃ ရက်တွင် ချမှတ်ခဲ့သော ကြားဖြတ်စီမံဆောင်ရွက်ချက်ကို ဖောက်ဖျက်ကြောင်း ဂမ်ဘီယာသမ္မတနိုင်ငံက တရားရုံးသို့ အဆိုပြုသည့် စွပ်စွဲချက်များမှာ ဥပဒေကြောင်းအရနှင့် အချက်အလက်ပိုင်းအရ ခိုင်မာမှုမရှိသည့်အတွက် ပယ်ချပေးပါရန်နှင့်

(ဂ) ဂမ်ဘီယာက အဆိုပြုသည့် နစ်နာကြေးပေးရန်အပြင် အခြားအဆိုပြုချက် အားလုံးမှာ ဥပဒေကြောင်းအရနှင့် အချက်အလက်ပိုင်းအရ ခိုင်မာမှုမရှိသည့်အတွက် ပယ်ချပေးပါရန်။

*စာမျက်နှာ ၃ မှ*

ခတ်ပုံ၊ ဗီဒီယို သက်သေတစ်စုံတစ်ရာ ထုတ်ပြနိုင်ခြင်း မရှိသည်မှာလည်း မဖြစ်သင့်ကြောင်း စသည်ဖြင့် လျှောက်လဲသည်။

ထို့နောက် ရှေ့နေ Mr. Stefan Talmon က သက်သေအထောက်အထား ပြသရန် တာဝန်နှင့် သက်သေအထောက်အထား အဆင့်အတန်းတို့နှင့် ပတ်သက်၍ လျှောက်လဲရာတွင် အမှုစွပ်စွဲသူ ဂမ်ဘီယာက သက်သေအထောက်အထား ပြသရန်တာဝန်ရှိကြောင်း၊ ထို့အပြင် ကြီးလေးသည့်အမှုဖြစ်၍ စွပ်စွဲထားသည့်အတွက် နိုင်ငံတစ်နိုင်ငံအတွက်သာမက ယင်း နိုင်ငံတွင်နေထိုင်သော သန်းပေါင်းများစွာရှိသည့် ပြည်သူများပါ ထာဝရ အမည်းစက်ထင်မည့်ကိစ္စဖြစ်သဖြင့် အကြွင်းမဲ့ယုံကြည်ရလောက်သော အဆင့်အတန်းရှိသည့် သက်သေများကို ပြသရန်တာဝန်ရှိကြောင်း၊ တရားသူကြီး Hmoud က လူမျိုးသုဉ်းစေမှုကို စစ်ဆေးရာတွင် လူမျိုးသုဉ်းစေမည့် ရည်ရွယ်ချက်ရှိ /မရှိကို လူပုဂ္ဂိုလ်နှင့် နိုင်ငံတော်တို့အား ခွဲခြား၍ စစ်ဆေးရန် လို / မလို မေးခွန်းကို ဖြေကြားရမည်ဆိုပါက သက်သေအဆင့်အတန်း တူညီနေရန်လိုသည့်အတွက် ခွဲခြားရန် မလိုအပ်ကြောင်း၊ ထို့အပြင် နိုင်ငံတစ်နိုင်ငံသည် လူမျိုးသုဉ်းစေရန် ရည်ရွယ်ချက်အပြင် အခြားစေ့ဆော်မှုများ သို့မဟုတ် ရည်မှန်းချက်များရှိပါက လူမျိုးသုဉ်းစေရန် အထူးရည်ရွယ်ချက်ကို လျော့ပါးစေနိုင်သည်ဟု ဖြေကြားလိုပါကြောင်း လျှောက်လဲသည်။

ဆက်လက်၍ ရှေ့နေက ဂမ်ဘီယာသည် စွပ်စွဲသကဲ့သို့ တရားရုံးတွင် လူမျိုးသုဉ်းစေမှု မြောက်/မမြောက် ဆင်ခြင်ရာတွင် အမုန်းစကား မပါဝင်သည့်အတွက် စီရင်ထုံးများအပေါ် စိတ်ကူးအသစ်များ ဖြည့်စွက်၍ မရပါကြောင်း၊ ဂမ်ဘီယာ၏ ကျွမ်းကျင်သက်သေ Newton က လျှောက်လဲသကဲ့သို့ ဥပဒေကြောင်းအရ တိုက်ခိုက်သည့်ပုံစံ နီးစပ်မှုနှင့်စနစ်တကျ စီစဉ်ပြီး တစ်ပုံစံတည်း စစ်ဆင်ရေးပြုလုပ်မှုကို ချိတ်ဆက်၍ မရပါကြောင်း၊ လူမျိုးသုဉ်းစေမှု မြောက်/မမြောက် စစ်ဆေးရာတွင်လည်း ပျက်စီးဆုံးရှုံးမှုပမာဏကို အခြေခံရသည့်အတွက် ဂမ်ဘီယာ လျှောက်လဲသကဲ့သို့ အရေအတွက်နှင့် မဆိုင်ကြောင်း ကောက်ချက်ချ၍ မရကြောင်း၊ ကုလသမဂ္ဂက ဖွဲ့စည်းပေးသည့် အချက်အလက်ရှာဖွေရေးအဖွဲ့ (FFM)၊ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား (IIMM) တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း မရှိသဖြင့် ဥပဒေကြောင်းအရ အမှုကို ဖုံးကွယ်သည်ဟုဆို၍ မရပါကြောင်း၊ အဓိကကျသည်မှာ စနစ်တကျစီစဉ်ပြီး တစ်ပုံစံတည်း စစ်ဆင်ရေးပြုလုပ်မှုကြောင့် လူမျိုးသုဉ်းစေမှုဖြစ်စေသည်ဟု ကောက်ချက်ချနိုင်မှသာ လူမျိုးသုဉ်းစေမှုမြောက်ပါကြောင်း လျှောက်လဲသည်။

မြန်မာနိုင်ငံ၏ ရှေ့နေများ လျှောက်လဲအပြီးတွင် မြန်မာနိုင်ငံ၏ ကိုယ်စားလှယ် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က မိန့်ခွန်းပြောကြားခဲ့ပြီး ဂမ်ဘီယာ၏ လျှောက်လဲ တောင်းဆိုချက်အားလုံးကို တရားရုံးအနေဖြင့် ပယ်ချပေးနိုင်ပါရန် အဆိုပြုလွှာတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(မြန်မာနိုင်ငံ၏ ကိုယ်စားလှယ် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၏ မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)**

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် မြန်မာ့ရိုးရာထမနဲထိုးပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၃၀**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် မြန်မာ့ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ဘာသာရေးပွဲတော်များနှင့် ပျော်ပွဲရွှင်ပွဲများတွင် အရာထမ်း၊ အမှုထမ်းများပါဝင်စေရေး အခါအားလျော်စွာ ကျင်းပဆောင်ရွက်လျက်ရှိရာ မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များအနက် တပို့တွဲလ ထမနဲထိုးပွဲကို ကော်မရှင်ရုံးအဖွဲ့နှင့် ဦးစီးဌာနသုံးခုအောက်ရှိ ဝန်ထမ်းများအချင်းချင်း ဖေးမကူညီလိုစိတ်ရှိစေရန်၊ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်တတ်စေရန်၊ မြန်မာ့ရိုးရာဓလေ့ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းဆောင်ရွက်တတ်စေရန်ရည်ရွယ်၍ ထမနဲထိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ကော်မရှင်ရုံး ရုံးအမှတ် (၅၆)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**တပျော်တပါးကြည့်ရှု**

ထမနဲထိုးပွဲကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနအသီးသီးမှ အရာထမ်းများနှင့် အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများ တပျော်တပါး ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




## သဘောထားထုတ်ပြန်ကြေညာချက်

နေ့စွဲ၊ ၂၄.၁.၂၀၂၆

မြန်မာနိုင်ငံတော်အား ICJ တရားရုံးတွင် ဂမ်ဘီယာနိုင်ငံမှ စွပ်စွဲတရားစွဲဆိုချက်များအား မြန်မာနိုင်ငံတော်ကိုယ်စားပြု နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ခေါင်းဆောင်သောအဖွဲ့မှ အမှန်အတိုင်းလျှောက်လဲဖြေရှင်းဆောင်ရွက်နေခြင်းအပေါ် ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီမှ ကြိုဆိုထောက်ခံပါကြောင်းနှင့် တစ်သားတည်းရပ်တည်လျက်ရှိပါကြောင်း ထုတ်ပြန်အပ်ပါသည်။

**ဗဟိုကော်မတီအဖွဲ့**

**၃၀ - ၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၆၁၀၀၀၀၀)ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး လယ်ဝေးမြို့နယ်အတွင်း သမဝါယမစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၃၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ပဋ္ဌမအကြိမ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ ဝန်ကြီးဌာန၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်၍ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားကာ ဆုရရှိကြသည့် ဦးစီးဌာနအသင်းများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် တလုပ်ပင်ကျေးရွာရှိ ဒို့မြန်မာ သမဝါယမအသင်းနှင့် ကြံတိုင်းအောင် သမဝါယမအသင်းတို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စပ်မျိုးနွားကောင်ရေ ၄၇၂ ကောင် မွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုပြီး နွားစာအတွက် ဖြည့်စွက်စာများဖြစ်သည့် ပြောင်း၊ ဟင်းနုနယ်နှင့် နေဗီယာမြက်များ တိုးချဲ့စိုက်ပျိုးရန် ဆွေးနွေးမှာကြားကာ နေဗီယာမြက်စိုက်ပျိုးထားရှိမှု၊ ဝန်ထမ်းအဆောင်နှင့် ရုံးခန်းများ တည်ဆောက်ထားရှိမှုကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် လယ်ဝေးမြို့နယ် မြွေရိုးကျောင်းစုကျေးရွာအုပ်စု ရုံးတောကျေးရွာသို့ရောက်ရှိပြီး ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းနှင့် မျိုးဇမ္ဗူကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်မည့် ဥစားကြက်မွေးမြူရေးလုပ်ငန်း ကြက်ခြံတည်ဆောက်ရန် မြေနေရာ ရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းနှင့် ခေတ်ရှေ့ဆောင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လယ်ယာသုံးစက်ကိရိယာအရောင်းပြခန်းနှင့် လယ်ယာသုံးစက်ပစ္စည်းအသစ်တပ်ဆင်/ အဟောင်းပြုပြင်ခြင်း အလုပ်ရုံတည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ လယ်ဝေးမြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းနှင့် လမ်းတိုးချဲ့ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၃၀**

နေပြည်တော်ကောင်စီမှ ကြီးမှူး၍ကျင်းပသော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ကျောက်ပုံးရိုက်လုပ်သားအဆင့် (၁) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ သင်တန်းသားများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် အဆိုပါခန်းမ၌ ဆက်လက်ကျင်းပသည့် နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးလွှမ်းခြုံမှုပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အားနည်းသည့် ဒေသများတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့် လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အသိပညာပေးဆွေးနွေးခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ (ရောဂါနှိမ်နင်းရေး) ဒုတိယညွှန်ကြားရေးမှူးက လက်ရှိဆောင်ရွက်လျက်ရှိသည့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်း အခြေအနေ၊ ကာကွယ်ဆေးထိုးနှံမှုအရှိန်မြှင့်တင်ရေး အစီအစဉ်များနှင့် ၂၀၂၅ ခုနှစ် မြို့နယ်အလိုက် ပုံမှန်ကာကွယ်ရေးထိုးနှံ လွှမ်းခြုံမှုရာခိုင်နှုန်းများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။



ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများသည် မှတ်တမ်း Video နှင့် ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းအစီအစဉ် နံရံကပ်ဘုတ်များကို ကြည့်ရှုအားပေးကြပြီး ကလေးငယ်များအား ကြိုတင်ကာကွယ်ဆေးထိုးနှံပေးနေမှုကို ကြည့်ရှုကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ်ရှိ H-1 လမ်း (ရန်ကုန်-မန္တလေးလမ်းဟောင်းမှ မြို့ရှောင်လမ်း)အထိ မူလ ၂၄ ပေ အကျယ် နှစ်လမ်းသွား ကွန်ကရစ်လမ်းမှ ၄၈ ပေအကျယ် လေးလမ်းသွား ကွန်ကရစ် လမ်းခင်းခြင်းနှင့် လမ်းတိုးချဲ့ ဆောင်ရွက်နေမှု၊ လယ်ဝေးမြို့နယ် အေလာအုပ်စု ကြံခင်းစုကျေးရွာရှိ ငြိမ်းချမ်းသာ ဆန်စက်နှင့် စပါးအခြောက်ခံလုပ်ငန်း လည်ပတ်ဆောင်ရွက်နေမှု၊ အေလာမြို့ ရွာမရပ်ရှိ လုပ်ငန်းရှင် ဦးသန်းငွေး၏ နေမင်းထွန်း မြေပဲအထူး၊ စပါး၊ ပြောင်းဖူး၊ ပဲမျိုးစုံခြွေလှေ့စက်နှင့် လယ်ယာသုံးစက်ကိရိယာအမျိုးမျိုး ထုတ်လုပ်ထားရှိမှု၊ ဒက္ခိဏသီရိမြို့နယ်အတွင်း လျှင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းပိုင်းများအား ကျောက်ကတ္တရာလောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

# (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်)ကို ခြောက်ရက်တိုင်တိုင် ကျင်းပသွားမည်

**နေပြည်တော် ဇန်နဝါရီ ၃၀**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်) ကို နေပြည်တော်ရှိ ပြည်သူ့ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက်အထိ ခြောက်ရက်တိုင်တိုင် ကျင်းပသွားမည် ဖြစ်ကြောင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ သိရသည်။



ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ဝန်ကြီးဌာန ပြခန်းများ၊ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် MSME ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချဆိုင်ခန်းများ၊ လုပ်ငန်း/ စီးပွားချိတ်ဆက်မှုများ (Business Matching)၊ နည်းပညာပြခန်းများ၊ လယ်ယာသုံးစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ် သမဝါယမပြခန်းများ၊ အသင်းအဖွဲ့ ပြခန်းများ၊ Solar Farm များ၊ SKD ဦးစားပေး EV ကား/ မော်တော်ဆိုင်ကယ်/ သုံးဘီးဆိုင်ကယ် ပြခန်းများ၊ CMP အထည်ချုပ် ပြခန်းများ အပါအဝင် ပြခန်းပေါင်း ၁၂၀ ကျော်နှင့် ပြင်ပကုမ္ပဏီ ၂၉ ခုတို့ ပါဝင်ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြပွဲလာပြည်သူများအတွက် ဖေဖော်ဝါရီ ၈ ရက်မှ ၁၁ ရက်အထိ နိုင်ငံကျော် အဆိုတော်များ၊ တိုင်းရင်းသားရိုးရာအကများ၏ ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်သည့်အပြင် ပျော်ပွဲရွှင်ပွဲများလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ယခုအခါ ကျင်းပရေးဗဟိုကော်မတီက ဦးဆောင်ပြီး လုပ်ငန်းကော်မတီ ၁၁ ခုတို့က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီ အလိုက် လုပ်ငန်းတာဝန်များ စနစ်တကျ အချိန်မီပြီးစီးရန် ပြင်ဆင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

ယခုအခါ ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေးအတွက် အများပြည်သူ လှူဒါန်းမှုအနေဖြင့်လည်း ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း၊ စေတီတော်ကြီး ရွှေသင်္ကန်း ကပ်လှူပူဇော်မှုလုပ်ငန်း အရည်အသွေး ပြည့်မီကောင်းမွန်စေရေးနှင့် ရာနှုန်းပြည့်ပြီးစီးနိုင်ရေး နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးအဆင့်နှင့် မြို့နယ်အဆင့် သံဃနာယက အဖွဲ့ဝင်ဆရာတော်ကြီးများ၊ ပခုက္ကူမြို့ရှိ ထေရ်ကြီးဝါကြီးဆရာတော်များနှင့် အလှူရှင်ပြည်သူများ စုပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌက ပြောသည်။ ပခုက္ကူမြို့ သီဟိုဠ်ရှင် မြတ်စွာဘုရားသည် ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့ပြီး ခေတ်အဆက်ဆက်မင်းများက စဉ်ဆက်မပြတ် ပြုပြင်မွမ်းမံထိန်းသိမ်းခဲ့ကြသည်။ **ဘာမီသာ(ပခုက္ကူ)**

ကမ္ဘာ့ရေဝပ်ဒေသများနေ့ ဂုဏ်ပြုဆောင်းပါး

# ယဉ်ကျေးမှုအမွေအနှစ်များဖြင့် ဂုဏ်ယူဝင့်ကြွားဖို့ ရေဝပ်ဒေသများနှင့် ရိုးရာအသိပညာများထိန်းသိမ်းစို့

**သစ်တောမောင်**




### ကမ္ဘာ့ရေဝပ်ဒေသများနေ့

နှစ်စဉ် ဖေဖော်ဝါရီ ၂ ရက်နေ့သည် ကမ္ဘာ့ရေဝပ်ဒေသများနေ့ (World Wetlands Day)ဖြစ်ပြီး ၁၉၇၁ ခုနှစ်တွင် ချမှတ်ခဲ့သော အစိုးရအချင်းချင်း သဘောတူစာချုပ်ဖြစ်သည့် “ရေဝပ်ဒေသများကွန်ဗင်းရှင်း (Convention on Wetlands)” ၏ နှစ်ပတ်လည်နေ့လည်း ဖြစ်ပါသည်။ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၁ နိုင်ငံရှိပြီး ရေဝပ်ဒေသထိန်းသိမ်းရေး အရှိန်အဟုန်မြှင့်တင်နိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံတိုင်းက ကမ္ဘာ့ရေဝပ်ဒေသများနေ့ အခမ်းအနားများကို ကျင်းပကြပါသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ဆောင်ပုဒ်မှာ **“ယဉ်ကျေးမှုအမွေအနှစ်များဖြင့် ဂုဏ်ယူဝင့်ကြွားဖို့ ရေဝပ်ဒေသများနှင့် ရိုးရာအသိပညာများ ထိန်းသိမ်းစို့”** (Wetlands and traditional knowledge: Celebrating cultural heritage) ဟူ၍ သတ်မှတ်ထားသည်။ ရေဝပ်ဒေသထိန်းသိမ်းရေးတွင် ခေတ်မီနည်းပညာများအပြင် ဒေသခံပြည်သူများ၏ အစဉ်အဆက် လက်ဆင့်ကမ်းလာသည့် ရိုးရာအသိပညာ၊ ယဉ်ကျေးမှုဆိုင်ရာ အလေ့အကျင့်ကောင်းများကိုလည်း အသိအမှတ်ပြုလေးစားပြီး ရေဝပ်ဒေသထိန်းသိမ်း စီမံအုပ်ချုပ်မှု၌ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ရေဝပ်ဒေသများကို ပိုမိုထိရောက်စွာ ထိန်းသိမ်းဆောင်ရွက်နိုင်သည်သာမက ရိုးရာယဉ်ကျေးမှုများကိုပါ မြှင့်တင်ထိန်းသိမ်းနိုင်မည်ဖြစ်ပါကြောင်း အလေးပေးဖော်ညွှန်းထားခြင်း ဖြစ်ပါသည်။

### မြန်မာနိုင်ငံ၏ နိုင်ငံတကာအသိအမှတ်ပြု ရမ်ဆာရေဝပ်ဒေသများ

အမြဲတမ်း(သို့မဟုတ်)ရာသီအလိုက် ရေလွှမ်းမိုးနေသော မြေဧရိယာများကို ရေဝပ်ဒေသများဟု ခေါ်ဆိုနိုင်ပြီး ၎င်းရေဝပ်ဒေသများသည် သဘာဝဂေဟစနစ်တစ်ခုအဖြစ် တည်ရှိနေရုံသာမက လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှု၊ ရိုးရာအသိပညာနှင့် ပေါင်းစပ်နေသည့် နယ်မြေများ ဖြစ်ပါသည်။

ရေဝပ်ဒေသများသည် နိုင်ငံတစ်နိုင်ငံချင်းစီအတွက်သာမက ဒေသတွင်းနှင့် ကမ္ဘာ့ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဂေဟစနစ်တည်ငြိမ်ရေးအတွက်လည်း အထူးအရေးပါသည့်အလျောက် တစ်ကမ္ဘာလုံးအဆင့်အနေဖြင့် ရေဝပ်ဒေသများကို ဝိုင်းဝန်းထိန်းသိမ်းကြရန်အတွက် “ရေဝပ်ဒေသများကွန်ဗင်းရှင်း (Convention on Wetlands)” ကို ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် အီရန်နိုင်ငံ ရမ်ဆာမြို့ (Ramsar)၌ ဖွဲ့စည်းခဲ့ပါသည်။

ဇီဝဘူမိထူးခြားသည့် ဒေသအတွင်း၌ သဘာဝအတိုင်းတွေ့ရသည့် သို့မဟုတ် သဘာဝနီးပါးရှိနေသည့် ထူးခြားရှားပါးသည့် ရေဝပ်ဒေသ၊ ထူးခြားသော ဇီဝဘူမိဒေသ၏ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရန်အတွက် အပင်နှင့်တိရစ္ဆာန်မျိုးစိတ်များကို ထောက်ပံ့ပေးသည့် ရေဝပ်ဒေသ၊ အပင်နှင့်တိရစ္ဆာန်မျိုးစိတ်များ၏ အသက်ရှင်နေထိုင်မှု၌ အကောင်းဆုံး အခြေအနေကိုပေးနိုင်သော သို့မဟုတ် မတူညီသော အသက်ရှင်နေထိုင်မှု၌ ခိုလှုံခွင့်ပေးနိုင်သော ရေဝပ်ဒေသ၊ ရေပျော်ငှက်ပေါင်း ၂၀၀၀၀ နှင့်အထက် ပုံမှန်ကျက်စားနိုင်သော ရေဝပ်ဒေသ အစရှိသည့် စံသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ရေဝပ်ဒေသများကို နိုင်ငံတကာမှ အသိအမှတ်ပြုပြီး **ရမ်ဆာရေဝပ်ဒေသများအဖြစ်** အမည်ခေါ်တွင်ပါသည်။

မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် ရမ်ဆာကွန်ဗင်းရှင်း အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး ယနေ့အထိ နိုင်ငံတကာအဆင့် အရေးပါသော ရေဝပ်ဒေသ ခုနစ်ခု (မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၀၄)၊ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၁၆)၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၁၇)၊ မုတ္တမပင်လယ်ကွေ့ဒေသ (မွန်ပြည်နယ်အပိုင်း) (၂၀၁၇) နှင့် တိုးချဲ့အပိုင်း (၂၀၂၀)၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၁၈)၊ နံ့သာကျွန်းနှင့် မေယုမြစ်ဝဒေသ (၂၀၂၀)၊ ပြူကန် (၂၀၂၄)) ကို ရမ်ဆာရေဝပ်ဒေသများအဖြစ် သတ်မှတ်ထားပြီး ဖြစ်ပါသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် မြန်မာနိုင်ငံ၏ ရေဝပ်ဒေသများ စီမံအုပ်ချုပ်သည့်အဖွဲ့အစည်း (Administrative Authority)အဖြစ် ရေဝပ်ဒေသထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

### ရေဝပ်ဒေသများနှင့် ရိုးရာအသိပညာများ

ရေဝပ်ဒေသများနှင့် ဒေသခံများ၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာအသိပညာ၊ ဘာသာရေး၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများသည် ရာစုနှစ်ပေါင်းများစွာကတည်းက ဒွန်တွဲတည်ရှိခဲ့ကြပါသည်။ မြန်မာနိုင်ငံရှိ ရမ်ဆာရေဝပ်ဒေသများနှင့် ဒေသခံ ရိုးရာအသိပညာဆက်စပ်မှုများကိုကြည့်မည်ဆိုပါက ရှမ်းပြည်နယ်ရှိ အင်းလေးကန်ရေဝပ်ဒေသ၌ တွေ့ရှိရသော ရိုးရာစိုက်ပျိုးနည်းစနစ်ဖြစ်သည့် ကျွန်းမျောစိုက်ပျိုးရေးသည် ရေဝပ်ဒေသ၏မြေဆီလွှာနှင့် ရေအရင်းအမြစ်ကို ထိရောက်စွာ အသုံးပြုလျက်ရှိသည့် သာဓက တစ်ခုဖြစ်ပါသည်။ အင်းသူ၊ အင်းသားတို့၏ ခြေတစ်ချောင်းထောက်၍ လှေလှော်ခြင်းသည် ထူးခြားသည့် ရိုးရာအစဉ်အလာတစ်ခုဖြစ်သည်။

အင်းသူ၊ အင်းသားတို့၏ ရိုးရာငါးဖမ်းကိရိယာများသည် အရွယ်ရောက်ပြီးသော ငါးများကိုသာ ရွေးချယ်ဖမ်းဆီးနိုင်သည့် ရိုးရာပိုက်များ၊ မျှောပိုက်များနှင့် မြှုံးများကို အသုံးပြုခြင်းဖြင့် ငါးမျိုးသုဉ်းမှုကို လျော့ပါးစေခြင်း၊ ကန်အတွင်းမှ ရေညှိရေမှော်များ ဆယ်ယူကာ တိရစ္ဆာန်အစာအဖြစ် အသုံးပြုမှုသည် ကန်အတွင်းသန့်စင်စေခြင်း၊ ငှက်များ ဥဥချိန် သို့မဟုတ် ငါးများသားပေါက်ချိန်တွင် ရေဝပ်ဒေသအတွင်း ဝင်ရောက်ခြင်းကို ကန့်သတ်သည့် ရိုးရာထုံးတမ်းများ၊ ရေဝပ်ဒေသများတွင် ပေါက်ရောက်သော ဆေးဖက်ဝင်အပင်များအသုံးပြုမှုကို မျိုးဆက်တစ်ခုမှ တစ်ခုသို့ လက်ဆင့်ကမ်းပေးခဲ့ကြပါသည်။

မိုးယွန်းကြီးအင်းသည်လည်း ရေပျော်ငှက်များနှင့် ဆောင်းခိုငှက်များအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများအတွက် နေထိုင်ကျက်စားရာ ဒေသအဖြစ် ထောက်ပံ့ပေးလျက်ရှိသည့်အပြင် ဒေသခံတို့၏ လူမှုစီးပွားကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက် ရှိပါသည်။ ဒေသခံများမှ မိုးယွန်းကြီးအင်းက ထောက်ပံ့ပေးလျက်ရှိသော ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ထွက်ကုန်ပစ္စည်းများကို ရှေးယခင်ကပင် အကျိုးရှိစွာ အသုံးပြုခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ မိုးယွန်းကြီးအင်း ရေဝပ်ဒေသဝန်းကျင်ရှိ ဒေသခံများအနေဖြင့် ကြာပန်းများကို ဘုရားပန်းအဖြစ်ရောင်းချခြင်း၊ ကြာခွက်၊ ကြာစွယ် ခူးယူရောင်းချခြင်းတို့သာ လုပ်ကိုင်ကြရာမှ ကြာချည်ထုတ်လုပ်သည့်လုပ်ငန်းများကိုလည်း လုပ်ကိုင်ခဲ့ကြပါသည်။

ဧရာဝတီတိုင်းဒေသကြီးရှိ မိန်းမလှကျွန်း ရမ်ဆာရေဝပ်ဒေသဝန်းကျင်ရှိ ဒေသခံများသည် ဒီရေတောများ၏ အရေးပါမှုကို သိရှိနားလည်ကာ “ဒီရေတောများက မုန်တိုင်းဒဏ်ကို ကာကွယ်ပေးသည်” ဆိုသည့် အသိသည် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းပြီးသည့်နောက် ဒေသခံများအကြားတွင် ရိုးရာအသိတစ်ခုကဲ့သို့ ပိုမိုစွဲမြဲလာခဲ့ပြီး ဒီရေတောများ စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်းတို့တွင် ပူးပေါင်းပါဝင်လျက်ရှိပါသည်။

ထိုနည်းတူစွာ မြန်မာနိုင်ငံမြောက်ဖျားပိုင်း ကချင်ပြည်နယ်ရှိ အင်းတော်ကြီးကန်သည်လည်း နိုင်ငံတကာအသိအမှတ်ပြုမှု များစွာရှိသည့် မြန်မာနိုင်ငံ၏ အကြီးဆုံး သဘာဝရေချိုကန်ကြီးတစ်ခု ဖြစ်ပါသည်။ အင်းတော်ကြီးဒေသတွင် နေထိုင်ကြသော တိုင်းရင်းသားတို့၏ ရိုးရာဓလေ့များသည် အင်းတော်ကြီး ရေဝပ်ဒေသဂေဟစနစ်ကို ထိန်းသိမ်းရာတွင် အထောက်အကူပြုလျက်ရှိသကဲ့သို့ **“တောတောင်ရှိမှ ရေရှိမည်”** ဆိုသည့် ရိုးရာအသိအမြင်နှင့် သစ်တောများကိုလည်း ထိန်းသိမ်းကာကွယ်ကြသည်။ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းခြင်းဖြင့် ပတ်ဝန်းကျင်ဂေဟစနစ်များကို ပိုမိုကောင်းမွန်သည့် နည်းလမ်းများဖြင့် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး အထောက်အကူပြုလျက်ရှိပါသည်။

### ဆောင်းခိုငှက်များ

ဆောင်းခိုငှက်များဆိုသည်မှာ ရာသီဥတုအခြေအနေ၊ အစာရေစာရှားပါးမှုနှင့် မျိုးပွားရန် ပတ်ဝန်းကျင်ကောင်းများ ရှာဖွေရန်အတွက် နေရာတစ်ခုမှ တစ်ခုသို့ ရာသီအလိုက် အုပ်စုလိုက် ရွှေ့ပြောင်းသွားလာတတ်သော ငှက်များကို ခေါ်ခြင်းဖြစ်ပါသည်။ ငှက်များဆောင်းခိုခြင်း၏ အဓိကအကြောင်းရင်းမှာ ရှင်သန်ရပ်တည်ရေးအတွက် ဖြစ်ပါသည်။ ဥပမာ ရာသီဥတုဆိုးရွားပြင်းထန်သည့် ဆောင်းရာသီတွင် အလွန်အေးသောဒေသများမှ နွေးထွေးသော ဒေသများသို့ ရွှေ့ပြောင်းကြသည်။ ရေခဲပြီးအပင်များ ခြောက်သွေ့သွားသည့်အခါ အစာရှာရ ခက်ခဲလာသဖြင့် အစာပေါများသော နေရာသို့ သွားကြသည်။ မျိုးပွားခြင်းလုပ်ငန်းစဉ်အတွက် ဥဥရန်နှင့် သားပေါက်ရန် ဘေးကင်းပြီးသင့်တော်သော ပတ်ဝန်းကျင်ကို ရှာဖွေခြင်းဖြစ်သည်။

ငှက်များသည် မိုင်ပေါင်းထောင်ချီသော ခရီးကို အံ့ဩဖွယ်ကောင်းသော နည်းလမ်းများဖြင့် ဖြတ်သန်းကြသည်။ နေ၊ လ၊ ကြယ်များ၏ အနေအထားနှင့် ကမ္ဘာ့သံလိုက်စက်ကွင်း (Magnetic Field)ကို အသုံးပြု၍ လမ်းကြောင်းရှာဖွေကြသည်။ မြစ်များ၊ တောင်တန်းများနှင့် ကမ်းရိုးတန်းများကို လမ်းညွှန်အမှတ်အသားများ၊ မှတ်တိုင်များအဖြစ် မှတ်သားထားတတ်ကြသည်။ အများအားဖြင့် 'V' ပုံစံအုပ်စုလိုက် ပျံသန်းကြသည်။ ထိုသို့ ပျံသန်းခြင်းဖြင့် လေတိုးအားကို လျှော့ချနိုင်ပြီး ခွန်အားချွေတာနိုင်ကာ ခရီးဝေးကို ပျံသန်းနိုင်ကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ဆောင်းခိုငှက် ပျံသန်းရာ လမ်းကြောင်းကြီး ကိုးခုအနက် အာရှအလယ်ပိုင်းလမ်းကြောင်း (Central Asian Flyway) နှင့် အရှေ့အာရှ-ဩစတြေးလျလမ်းကြောင်း (East Asian–Australasian Flyway) ပေါ်တွင် တည်ရှိသည်။ ဆောင်းခိုငှက်များသည် ဂေဟစနစ်မျှခြေကို ထိန်းညှိပေးရုံသာမက သဘာဝပတ်ဝန်းကျင် အခြေအနေကို ပြသသော ပြဒါးတိုင်များလည်း ဖြစ်ကြသည်။ ထို့ကြောင့် ဆောင်းခိုငှက်များ နားခိုရာ စိမ့်မြေများနှင့် အင်းအိုင်များ တစ်နည်းအားဖြင့် ရေဝပ်ဒေသများကို ထိန်းသိမ်းစောင့်ရှောက်ရန် အလွန်အရေးကြီးပါသည်။

ဆောင်းခိုငှက်မျိုးစိတ်များသည် မြန်မာနိုင်ငံရှိ ရေဝပ်ဒေသများသို့ နှစ်စဉ် အောက်တိုဘာလမှ ဧပြီလအထိ ကျရောက်ကျက်စားကြပါသည်။ အဆိုပါ ငှက်မျိုးစိတ်များအနက် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်စာရင်းဝင်နှင့် အပြည်ပြည်ဆိုင်ရာ

စာမျက်နှာ ၇ သို့

**“ရေဝပ်ဒေသများတွင် နေထိုင်ကျက်စားသော ငှက်မျိုးစိတ်များကို ကြည့်ရှုလေ့လာခြင်းဖြင့် ငှက်များ၏ နေထိုင်ကျက်စားမှုဘဝ၊ သဘာဝပတ်ဝန်းကျင်၊ အတူယှဉ်တွဲနေထိုင်သည့် အပင်နှင့်သတ္တဝါများ ချိတ်ဆက်နေသည့် အစာကွင်းဆက်များ အစရှိသည့် ဂေဟစနစ်ဆိုင်ရာဗဟုသုတများကို လေ့လာနိုင်ပြီး ကမ္ဘာမြေကြီး၏ သဘာဝ၊ ဇီဝသက်ရှိနှင့် လူသားတို့၏ ဘဝရှင်သန်ရပ်တည်မှု ဆက်စပ်ဖြစ်တည်မှုတို့ကို ပိုမိုသဘောပေါက် နားလည်လာမည်ဖြစ်ပြီး ထိန်းသိမ်းလိုစိတ် နိုးကြားလာစေရန်၊ ရေဝပ်ဒေသများနှင့် ဆက်စပ်တည်ရှိနေသည့် မိရိုးဖလာ အသိပညာများထိန်းသိမ်းခြင်း၊ ခေတ်သစ်နည်းပညာများဖြင့် ပေါင်းစပ်အသုံးပြုနိုင်ရန် ရည်ရွယ်ချက်များဖြင့် ရေဝပ်ဒေသများကို အတူလက်တွဲထိန်းသိမ်း”**

# MNL 2 LEAGUE 2025–2026 ဘောလုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီမှ ကြီးမှူးကျင်းပသည့် MNL 2 LEAGUE 2025–2026 ဘောလုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပသည်။



အဆိုပါ MNL 2 LEAGUE 2025–2026 နောက်ဆုံးပွဲစဉ်အဖြစ် UNIVERSITY FC အသင်းနှင့် CHINLAND FC အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနေရှင်နယ်လိဂ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ကလပ်အသင်းများမှ တာဝန်ရှိသူများ၊ ဘောလုံးပရိသတ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးများက MNL 2 LEAGUE 2025–2026 ဘောလုံးပြိုင်ပွဲတွင် ဂိုးသွင်းအများဆုံးဆုရရှိသည့် CHINLAND FC အသင်းမှ လှဘုန်းဦး၊ တတိယဆုရရှိသည့် YANGON CITY FC အသင်းနှင့် ဒုတိယဆုရရှိသည့် MYAWADY FC အသင်းမှ ကစားသမားများကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးဗိုလ်ဌေးနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က MNL 2 LEAGUE 2025–2026 ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် CHINLAND FC အသင်းမှ ကစားသမားများကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်(ဝဲပုံ) က ပထမဆုရရှိသည့် CHINLAND FC အသင်းကို ချန်ပီယံဆုဖလား ပေးအပ်ချီးမြှင့်ခဲ့သည်။

**ဖွဲ့ထက်ကို(မြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးသိုက်စိုး မုဒုံမြို့နယ်၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၃၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးသည် ယနေ့နံနက်ပိုင်းက မွန်ပြည်နယ် မုဒုံမြို့နယ် ကော့လှကျေးရွာသို့ သွားရောက်၍ ကျေးရွာကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်မှစတင်ကာ မိမိတို့ဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသော ခေတ်မီစံပြကျေးရွာ (Smart Village) စီမံကိန်း လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားပြီး ကျေးရွာသူကျေးရွာသားများ၏ ဖွံ့ဖြိုးရေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်ခဲ့သည့် ခေတ်မီစံပြကျေးရွာ စီမံကိန်းလုပ်ငန်းများဖြစ်သော ကျေးရွာတွင်းလမ်းပေါ်တွင် Box Culvert နှစ်စင်း တည်ဆောက်ပြီးစီးမှု၊ ၁၂၃၈ ပေ အုတ်စီရေမြောင်းနှင့် လမ်းပခုံး ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

### တိုက်တွန်းမှာကြား

ယင်းနောက် မုဒုံမြို့နယ် သမဝါယမအသင်းစုရုံးသို့ သွားရောက်၍ မြို့နယ်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမ အသင်း (၃) မှ အသင်းသားတောင်သူများ၊ အသင်းအမှုဆောင်များနှင့် တွေ့ဆုံရာ ဒုတိယဝန်ကြီးက စိုက်ပျိုးရေးသမဝါယမအသင်းများမှ အသင်းသား တောင်သူများ အရည်အသွေးမှန်ကန်ပြီး ဈေးနှုန်းသင့်တင့်သည့် မြေသြဇာများ အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါ



ကြောင်း၊ အသင်းသားတောင်သူများ၏ မိသားစုဝင်ငွေတိုးပွားရေးအတွက် သီးနှံပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်နည်းစနစ်များနှင့်အညီ ကြိုးပမ်းစိုက်ပျိုးကြစေလိုကြောင်း တိုက်တွန်းမှာကြားပြီး အသင်းသား တောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မုဒုံမြို့နယ် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတွင် လုပ်ငန်းမှတ်ပုံတင်၍ ကိုယ်ပိုင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသော ဒေါ်တင်နွဲ့ရီ၏ ရက်ကန်းရုံနှင့် အရောင်းဆိုင်တို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ မုဒုံမြို့ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းကျောင်းအုပ်ကြီး၊ နည်းပြဆရာ ဆရာမများနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် လက်ရက်ကန်းခြောက်လသင်တန်း၊ ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်တစ်နှစ်သင်တန်း တက်ရောက်နေကြသော သင်တန်းသူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး သင်တန်းသူများ ရက်လုပ်ထားသော ရက်ကန်းထည်လက်ရာများကို အားပေးကြည့်ရှုသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မော်လမြိုင်မြို့ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနရုံးသို့ သွားရောက်၍ ဝန်ကြီးဌာနအောက် ဦးစီးဌာနလေးခုမှ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

သဘာဝထိန်းသိမ်းရေးအဖွဲ့ (International Union for Conservation of Nature: IUCN) ၏ အနီရောင်အဆင့် (Red list) စာရင်းဝင်ဖြစ်သော မျိုးသုဉ်းလုနီးအန္တရာယ်ရှိနေသောမျိုးစိတ် (Critically Endangered:CR)ဖြစ်သည့် ရေညှောင့်နှုတ်ဝိုင်းငှက် (Spoon–billed Sandpiper)၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသော မျိုးစိတ် (Endangered: EN)ဖြစ်သည့် နော်မန်ခြေစိမ်း (Nordmann's Greenshank)၊ နော့ (Great Knot)၊ မျိုးသုဉ်းရန်ခြိမ်းခြောက်မှုအဆင့်သို့ နီးကပ်နေသော မျိုးစိတ်ဖြစ်သည့် အမြီးနက်ဂေါ့ဒွစ်(Black–tailed Godwit) များသည် မုတ္တမပင်လယ်ကွေ့ဒေသ၊ နံ့သာကျွန်းနှင့်မေယုမြစ်ဝ၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများတွင် တွေ့ရှိရပါသည်။

မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိနေသော မျိုးစိတ် (CR) ဖြစ်သည့် ပို့ချပ်ခေါင်းစိမ်း (Baer's Pochard)၊ မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ် (Vulnerable:VU) ဖြစ်သည့် ပို့ချပ်ဘဲ (Common Pochard)၊ မျိုးသုဉ်းရန်ခြိမ်းခြောက်မှုအဆင့်သို့ နီးကပ်နေသောမျိုးစိတ် (Near Threatened:NT) ဖြစ်သည့် ဘဲနီစပ် (Ferruginous Pochard)၊ ခရုစုတ်ခေါင်းမဲ (Black–headed Ibis)၊ နှုတ်သီးကောက်ကြီး (Eurasian Curlew)၊ ဘဲတောင်ရှည် (Falcated Duck) နှင့် ဌာနေရေပျော်ငှက်များတွင် မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ် (VU) ဖြစ်သည့် ကြိုးကြာခေါင်းနီ (Sarus Crane)၊ မျိုးသုဉ်းရန်ခြိမ်းခြောက်မှုအဆင့်သို့ နီးကပ်နေသော မျိုးစိတ် (NT) ဖြစ်သည့် ငှက်ကြီးဝန်ပို (Spot–billed Pelican)၊ ဥပန်း (Oriental Darter) မျိုးစိတ်များအား အင်းတော်ကြီး၊ မိုးယွန်းကြီးအင်းနှင့် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများတွင် တွေ့ရှိရပါသည်။

၂၀၂၅ ခုနှစ်အတွင်း ငှက်စာရင်းကောက်ယူမှုများအရ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတွင် ငှက်မျိုးစိတ် ၁၅၁ မျိုး၊ ကောင်ရေ ၉၅၄၁၇ ကောင်၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ငှက်မျိုးစိတ် ၁၄၁ မျိုး၊ ကောင်ရေ ၇၈၃၄၆ ကောင်၊ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ငှက်မျိုးစိတ် ၁၅၃ မျိုး၊ ကောင်ရေ ၁၂၃၅၁၆ ကောင်၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ငှက်မျိုးစိတ် ၁၀၇ မျိုး၊ ကောင်ရေ ၁၀၆၀၆ ကောင် မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

### မြန်မာ့ဒေသမျိုးရင်း ငှက်မျိုးစိတ်များနှင့် ရေပျော်ငှက်မျိုးစိတ်များ

ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံတွင်မှ မတွေ့ရှိရဘဲ မြန်မာတစ်နိုင်ငံတည်းတွင်သာ တွေ့ရှိနိုင်သော ဒေသရင်း ငှက်မျိုးစိတ် ၁၃ မျိုးရှိပြီး ၎င်းဒေသရင်း ငှက်မျိုးစိတ်များအပါအဝင် ငှက်မျိုးစိတ် ၁၁၄၆ မျိုးခန့်ကို မှတ်တမ်းတင်ထားပါသည်။ မြန်မာနိုင်ငံ၌ တွေ့ရှိမှတ်တမ်းတင်ထားသည့် ရေပျော်ငှက်အမျိုးအစား ၂၀၆ မျိုးခန့် ရှိပါသည်။

ဒေသမျိုးရင်းငှက်များမှာ မြန်မာဘီလုံးငှက် (Burmese Bushlark)၊ ချိုးလင်းပြာ (Burmese Collard Dove)၊ ငှက်လက်မမြီးရှည်ညို (Burmese Prinia cooki)၊ မြန်မာတစ် (Burmese Tit)၊ ဧရာဝတီဖွတ်စာမွဲ (Streak eared Bulbul/ Ayeyar–waddy Bulbul)၊ ဖွတ်လည်ဖြူ (Grey–crowned Bulbul)၊ ဖွတ်မျက်ကွင်းဖြူ (Pale–eyed Bulbul)၊ နဖားကြူး (Hooded Treepie)၊ ဧရာဝတီငှက်ဆတ်နီ (Irrawaddy Broadbill)၊ ငှက်မင်းသားဗိုက်ဖြူ (White–bellied Minivet/ Jerdon's Minivet)၊ နောင်မွန်းငှက်ညိုနှုတ်သီးကောက် (Naung Mung Wren–babbler)၊ မျက်ခုံးဖြူငှက်ပြာခြောက် (White– browed Nuthatch)နှင့် စွေ့ (White–throated Babbler) တို့ ဖြစ်ပါသည်။

### ရေဝပ်ဒေသများနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု

ယဉ်ကျေးမှု အမွေအနှစ်များနှင့် ဆက်စပ်လျက်ရှိသည့် ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝသည့် ရေဝပ်ဒေသဂေဟစနစ်များသည် သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် အပန်းဖြေလုပ်ငန်းစသည့် အလုပ်အကိုင်များကို ဖန်တီးပေးလျက် ရှိပါသည်။ ငှက်အခြေပြု ခရီးသွားလုပ်ငန်း (Bird Watching Tourism) သည် အများအားဖြင့် ရေဝပ်ဒေသများကို အခြေခံသည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းတစ်ခု ဖြစ်ပါသည်။

ရေဝပ်ဒေသများသည် ၎င်းတို့အပေါ်တွင် မှီတင်းနေထိုင်သည့် ငှက်မျိုးစိတ်များ၊ ဆောင်းခိုငှက်များအား စိတ်ဝင်စားစွာလေ့လာလျက်ရှိသည့် ငှက်ဝါသနာရှင်များ၊ သိပ္ပံပညာရှင်များအတွက် မဖြစ်မနေ သွားရောက်လေ့လာရသည့် နေရာဒေသများဖြစ်ပါသည်။ ငှက်အခြေခံခရီးသွားလုပ်ငန်းနှင့် ဒေသဆိုင်ရာယဉ်ကျေးမှု၊ အမွေအနှစ်အချက်အလက်များကို ဆက်စပ်ပေးခြင်းအားဖြင့် ရေဝပ်ဒေသများ၏ တန်ဖိုးကို အများပြည်သူ ပိုမိုသတိထားမိစေသည့်အပြင် ဒေသခံများ၏ မိမိတို့ဒေသအပေါ် ဂုဏ်ယူစိတ်နှင့် ချစ်မြတ်နိုးစိတ်များကို ပိုမိုဖြစ်ထွန်းစေပါသည်။ ရေဝပ်ဒေသအပေါ်တွင် မှီခိုနေသော ဒေသခံပြည်သူများ၏ စားဝတ်နေရေးအတွက် ငှက်အခြေခံခရီးသွားလုပ်ငန်းမှာ အရေးပါသည့်လုပ်ငန်းတစ်ခု ဖြစ်ပါသည်။

### ရေဝပ်ဒေသများ ရေရှည်တည်တံ့အသုံးပြုနိုင်ရေးနှင့် အနာဂတ်မျိုးဆက်သစ်များသို့ သဘာဝအမွေအနှစ်အဖြစ် လက်ဆင့်ကမ်းနိုင်ရေး

ရေဝပ်ဒေသများတွင် နေထိုင်ကျက်စားသော ငှက်မျိုးစိတ်များကို ကြည့်ရှုလေ့လာခြင်းဖြင့် ငှက်များ၏ နေထိုင်ကျက်စားမှုဘဝ၊ သဘာဝပတ်ဝန်းကျင်၊ အတူယှဉ်တွဲနေထိုင်သည့် အပင်နှင့်သတ္တဝါများ ချိတ်ဆက်နေသည့် အစာကွင်းဆက်များ အစရှိသည့် ဂေဟစနစ်ဆိုင်ရာဗဟုသုတများကို လေ့လာနိုင်ပြီး ကမ္ဘာမြေကြီး၏ သဘာဝ၊ ဇီဝသက်ရှိနှင့် လူသားတို့၏ ဘဝရှင်သန်ရပ်တည်မှု ဆက်စပ်ဖြစ်တည်မှုတို့ကို ပိုမိုသဘောပေါက် နားလည်လာမည်ဖြစ်ပြီး ထိန်းသိမ်းလိုစိတ် နိုးကြားလာစေရန်၊ ရေဝပ်ဒေသများနှင့် ဆက်စပ်တည်ရှိနေသည့် မိရိုးဖလာအသိပညာများထိန်းသိမ်းခြင်း၊ ခေတ်သစ်နည်းပညာများဖြင့် ပေါင်းစပ်အသုံးပြုနိုင်ရန် ရည်ရွယ်ချက်များဖြင့် ရေဝပ်ဒေသများကို အတူလက်တွဲထိန်းသိမ်းကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း "၂၀၂၆ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့" ကို ဂုဏ်ပြုတင်ပြအပ်ပါသည်။ ။

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂၆ / ၂၀၂၆ )**
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် )

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာ ချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁) | ဦးကျော်မင်းခိုင် | ၁/မကန(နိုင်) ၁၇၅၅၄၇ | ဗန်းမော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဦးမြအုန်း | ၁/ကမန(နိုင်) ၀၁၅၁၃၀ | ဖားကန့်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကချင်ပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၂ )** | | | | |
| (၃) | ဒေါက်တာ သန်းဌေးအောင် | ၉/မမန(နိုင်) ၀၁၃၀၂၀ | မြစ်ကြီးနားမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးသိန်းထွန်းအေး | ၉/မမန(နိုင်) ၀၃၆၀၁၃ | မိုးညှင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးမျိုးဆွေ | ၄/ဟခန(နိုင်) ၀၀၉၅၇၈ | ဖားကန့်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးမျိုးထိုက် | ၁/မကတ(နိုင်) ၀၀၁၁၄၅ | ရွှေကူမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဦးဖိုးပါကြွယ် | ၁/ရကန(နိုင်) ၀၁၈၂၅၈ | ဗန်းမော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးဉာဏ်ထွန်း (ခ) ဦးအောင်စိုးသိမ်း | ၁/မညန(နိုင်) ၀၄၃၁၈၁ | မိုးမောက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းလိုင်(ရှမ်းနီ)အမျိုးသား များဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| (၉) | ဦးဇင်မောင်လွင် | ၁/မညန(နိုင်) ၁၁၆၄၉၅ | မိုးကောင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းလိုင်(ရှမ်းနီ)အမျိုးသား များဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| (၁၀) | ဦးဂျာဂွန်းတန် | ၁/ဝမန(နိုင်) ၀၇၁၁၁၀ | မံစီမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| (၁၁) | ဦးဘောမ်ယိန်း | ၁/မကန(နိုင်) ၀၁၆၅၈၃ | အင်ဂျန်းယန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ဒီမိုကရေစီပါတီသစ် (ကချင်)ပါတီ |
| **ကရင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁၂) | စယဉ်ဌေး | ၃/ဘအန(နိုင်) ၀၂၀၇၈၂ | ကော့ကရိတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးညီညီလှိုင် | ၃/ကဆက(နိုင်) ၀၀၁၅၇၃ | ကြာအင်းဆိပ်ကြီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကရင်ပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )** | | | | |
| (၁၄) | ဒေါ်နန်းနီနီအေး | ၃/ဘအန(နိုင်) ၀၁၃၈၂၆ | ဘားအံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၅) | ဦးသက်ထွေးလွင် | ၃/လဘန(နိုင်) ၀၀၀၀၃၀ | လှိုင်းဘွဲ့မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဦးငွေထွန်း | ၃/ဘအန(နိုင်) ၀၀၃၂၅၃ | ကြာအင်းဆိပ်ကြီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဒေါက်တာဌေးနောင် | ၃/ဘအန(နိုင်) ၁၁၂၃၄၆ | မြဝတီမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ကရင်အမျိုးသားဒီမို ကရက်တစ်ပါတီ |
| (၁၈) | စောမြင့်ထွေး | ၁၀/သဖရ(နိုင်) ၀၃၅၈၁၇ | ကော့ကရိတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ကရင်အမျိုးသားဒီမို ကရက်တစ်ပါတီ |
အစည်းအဝေးတွင် ဒုတိယဝန်ကြီးက သဘာဝပတ်ဝန်းကျင် မပျက်စီးစေဘဲ ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုစနစ်အတွက် ရေရှည်တွင် ဇီဝအခြေခံ ပိုးနှင့် ရောဂါကာကွယ်တားဆီးရန် ဇီဝနည်းပညာဆေးများကို အားပေးထုတ်လုပ်ရန်နှင့် သုတေသနပြုရန်လိုကြောင်း၊ ပိုးသတ်ဆေးအန္တရာယ်ကို တောင်သူလယ်သမားအားလုံး သဘောပေါက်၍ သုတေသနနှင့် နည်းပညာကို အခြေခံသော စိုက်ပျိုးထုတ်လုပ်မှု ဆောင်ရွက်နိုင်ရန်နှင့် ပို့ကုန်အခြေခံသော စိုက်ပျိုးထုတ်လုပ်မှုအား ဝင်ငွေပိုမိုရရှိရေးချဉ်းကပ်မှုဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကော်မတီဝင်များအနေဖြင့် ယခုအစည်းအဝေးတွင် ပိုးသတ်ဆေးအမျိုးပေါင်း ၁၂၅ မျိုး၏ နည်းပညာအချက်အလက်များကို အသေးစိတ်ဆွေးနွေးပြီး ပိုးသတ်ဆေးမှတ်ပုံတင်ထုတ်ပေးနိုင်ရေး စိစစ်ဆွေးနွေးပေးရန် တိုက်တွန်းပြောကြားခဲ့သည်။

**ဆွေးနွေး**

ထို့နောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အတွင်းရေးမှူးက (၄၇)ကြိမ်မြောက် အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်ရမည့်လုပ်ငန်းများကိုတင်ပြရာ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဝင်များ၊ ပိုးသတ်ဆေး နည်းပညာကော်မတီနှင့် အထောက်အကူပြုလုပ်ငန်း စိစစ်ဆွေးနွေးခဲ့ကြသည်။

ပိုးသတ်ဆေးဥပဒေ အခန်း(၃)အရ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သည် ပိုးသတ်ဆေးမှတ်ပုံတင်လျှောက်ထားတင်ပြလာခြင်းများကို မှတ်ပုံတင်ခွင့်ပြုပေးနိုင်ရန် ဆုံးဖြတ်အတည်ပြုပေးခြင်း၊ အဆိပ်ရှိပစ္စည်းနှင့်စပ်လျဉ်း၍ တင်ပြရန်လိုအပ်သော အထောက်အထားအချက်အလက်များကို သတ်မှတ်ပေးခြင်း၊ အပြည်ပြည်ဆိုင်ရာအကြံပြုချက်များအပေါ်အခြေပြု၍ လူနှင့်ပတ်ဝန်းကျင်ကို အန္တရာယ်မြင့်မားစေသော ပိုးသတ်ဆေးများကို သုံးစွဲရန်ပိတ်ပင်တားဆီးခြင်း၊ ပိုးသတ်ဆေးများကို စနစ်တကျ ကိုင်တွယ်သုံးစွဲ စွန့်ပစ်ခြင်းဆိုင်ရာများနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်မရှိစေရန် လိုအပ်သည့် အမိန့်၊ သတ်မှတ်ချက်များ၊ ညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိကြောင်းနှင့် (၄၆)ကြိမ်မြောက် အစည်းအဝေးပြီးဆုံးသည့်ကာလအထိ ပိုးသတ်ဆေး စုစုပေါင်း ၄၆၂၇ မျိုးကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ ဘင်ခရာ၊ အတီး၊ အမှုတ်၊ အကအလှများဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မြို့သစ်မြို့နယ်၌ ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေး အသိပေးဆွေးနွေး

**မြို့သစ် ဇန်နဝါရီ ၃၀**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အဆင့် ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှုအားနည်းသည့်ဒေသများတွင်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး အတွက် အသိပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၂၉ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းထက်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာကျော်မျိုးဇော်က ကာကွယ်ဆေးထိုးနှံပေးနိုင်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန၏ နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးနှံပေးနိုင်မှုနှင့် လုပ်ငန်းစဉ်များ မှတ်တမ်းဗီဒီယိုကို ပြသခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



❏ *ကျောဖုံးမှ*

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့သည် ဆီဆိုင်မြို့နယ် စံကားကျေးရွာ၏ အနောက်ဘက် သုံးဖာလုံခန့်အကွာရှိ ဘိန်းခင်း ခြောက်ဧကခန့်နှင့် မြောက်ဘက် လေးမိုင်ခန့်အကွာရှိဘိန်းခင်း ၁၀ ဧကခန့် အားလည်းကောင်း။

ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဌေးအောင်နှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် ဖက်ရမ်းကျေးရွာ၏မြောက်ဘက် နှစ်မိုင်ခွဲခန့်အကွာရှိ ဘိန်းခင်း ၂၃ ဧကခန့်အားလည်းကောင်း၊ လွိုင်လင်မြို့နယ် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မိုးညွန့်ထွန်းနှင့် ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် ကျောက်တန်းကျေးရွာ၏ မြောက်ဘက် ခြောက်ဖာလုံခန့်အကွာရှိဘိန်းခင်းဧက ၂၀ ခန့်၊ မြောက်ဘက် ခြောက်ဖာလုံခန့်အကွာရှိ ဘိန်းခင်း ဧက ၃၀ ခန့်အားလည်းကောင်း၊ ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ခိုင်စိုးနှင့် ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ဝမ်ကန်ရွာသစ်၏အနောက်ဘက် သုံးမိုင်ခန့်အကွာရှိ ဘိန်းခင်း ၄၂ ဧကခန့်အားလည်းကောင်း၊ မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ခေတ္တ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်ဝင်းထွန်းနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့သည် မိုင်းတုံမြို့နယ် ပါခါးကျေးရွာ၏ တောင်ဘက် သုံးမိုင်ခန့်အကွာရှိ ဘိန်းခင်း ရှစ်ဧကခန့်အားလည်းကောင်း ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

*စာမျက်နှာ ၁၆ မှ*

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃) တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁)နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၂၆၂၅၄ / ၁၀ = ၂၆၂၅၂

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၂၆၂၅၂၄ | ၉ | | ၁ | ၁၀ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၄၃၂၄ | ၅ | ၃၀၆၄ | - | ၅ | |
| | | ၂။ | ပြည်သူ့ပါတီ | ၈၅၄၃၆ | ၃ | ၆၆၈၀ | - | ၃ | |
| | | ၃။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၂၇၆၄ | ၁ | ၁၆၅၁၂ | ၁ | ၂ | |

ရှင်းလင်းချက် ။ ( ၁ ) ၇-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ် ကော့သောင်း၊ ထားဝယ်၊ ဘုတ်ပြင်း၊ မြိတ်၊ ကျွန်းစု၊ တနင်္သာရီ မြို့နယ်မဲဆန္ဒနယ်များနှင့် ၃၀-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၆/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့်လောင်းလုံး၊ ပုလောမြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့်ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

## ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် ရှုခင်းကြည့် Sight Seeing ရထားခရီးစဉ် စီးနင်းမှုများပြား

**နေပြည်တော် ဇန်နဝါရီ ၃၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ပြည်တွင်းမှခရီးသွားလာမည့်ပြည်သူများ၊ နိုင်ငံခြားသားခရီးသွားလာသူများအား သမိုင်းဝင်ဂုတ်ထိပ် တံတားကြီးအားလေ့လာကြည့်ရှုနိုင်ရန်နှင့် လမ်းခရီးရှိရေမြေတောတောင်သဘာဝရှုခင်းများ လေ့လာကြည့်ရှုနိုင်ရန် ဂုတ်ထိပ်(၁)ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်(၂)ဂုတ်ထိပ်-ပြင်ဦးလွင် ရှုခင်းကြည့် Sight Seeing ရထားခရီးစဉ်အား ဒီဇင်ဘာ ၁၉ ရက်မှ စတင်၍ အပတ်စဉ်စနေ၊ တနင်္ဂနွေရက်များတွင် ပြေးဆွဲပေးလျက်ရှိသည်။



ထိုသို့ပြေးဆွဲခဲ့ရာ ယနေ့အထိ ပုံမှန်ရထားခရီးစဉ် ၁၃ ခေါက်ပြေးဆွဲပေးခဲ့ပြီး ခရီးသည် ၆၂၁ ဦး၊ Package ဖြင့် စင်းလုံးငှားရမ်းမှုတွင် ခရီးသည်၂၄ဦး လိုက်ပါစီးနင်းနိုင်သည့် RBE အထက်တန်းတွဲဖြင့် ခရီးစဉ် ရှစ်ကြိမ်နှင့် ခရီးသည် ၄၀ လိုက်ပါစီးနင်းနိုင်သည့် RBE ရိုးရိုးတန်းတွဲဖြင့် ခရီးစဉ် ခြောက်ကြိမ်ဖြစ်၍ ခရီးသည် ၄၃၂ ဦး၊ စင်းလုံးငှား ရထားကြီးဖြင့် ပြေးဆွဲပေးမှုအနေဖြင့် ဇန်နဝါရီ ၁၂ ရက်နှင့် ၁၆ ရက်တို့တွင် ပြင်ဦးလွင်မြို့ရှိ Snow Queen ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ၊ ဆရာ ဆရာမ ၅၄၀ ၊ ဇန်နဝါရီ ၂၈ ရက်တွင် ရိုးရိုးတန်းငါးတွဲဖြင့် ပြင်ဦးလွင်မြို့ရှိ မေမြို့ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၃၀၀နှင့် ဇန်နဝါရီ ၂၉ ရက်တွင် ရိုးရိုးတန်းလေးတွဲနှင့် အထက်တန်း နှစ်တွဲဖြင့် ပြင်ဦးလွင်မြို့အနီးစခန်းရှိ ပညာရွှေရောင်ကိုယ်ပိုင် အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၃၀၀ တို့ကို ပို့ဆောင်ပေးခဲ့ပြီး စတင်ပြေးဆွဲခဲ့သည့်အချိန်မှ ယနေ့အထိ ခရီးသည်စုစုပေါင်း ၂၁၉၃ ဦး လိုက်ပါစီးနင်းခဲ့သည်။

ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်-ပြင်ဦးလွင် RBE ရထားခရီးစဉ်တွင် ခရီးသည် ၄၀ လိုက်ပါ စီးနင်းနိုင်ပြီး ဂုတ်ထိပ်(၁)RBE ရထားသည် ပြင်ဦးလွင်ဘူတာမှ နံနက် ၈ နာရီတွင် ထွက်ခွာ၍ ဂုတ်ထိပ်ဘူတာသို့ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိ ရပ်နားကြောင်း ဂုတ်ထိပ် (၂)RBE ရထားသည် ဂုတ်ထိပ်ဘူတာမှ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ထွက်ခွာ၍ ပြင်ဦးလွင်ဘူတာသို့ ညနေ ၄ နာရီအချိန်တွင် ပြန်လည်ရောက်ရှိကြောင်း၊ လမ်းခရီးတွင် ပွဲကောက်၊ ဝက်ဝံ၊ ဆမ်ဆယ်၊ နောင်ချို ဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဂုတ်ထိပ်ဘူတာမှ ဂုတ်ထိပ်တံတားပေါ် ဖြတ်သန်းပြီး ရှုခင်းကြည့်နေရာအထိ လူ ၂၀ လိုက်ပါ စီးနင်းနိုင်သည့် RGC ရထားအား တစ်ဦးလျှင် ၅၀၀၀ ကျပ်နှုန်းဖြင့် ပြေးဆွဲပေးလျက်ရှိရာ ယနေ့အထိ ၄၀၀လိုက်ပါစီးနင်းခဲ့သည်။

ပြင်ဦးလွင်-ဂုတ်ထိပ် အသွား/အပြန် ခရီးစဉ်အတွက် အပတ်စဉ်စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ ပုံမှန်ပြေးဆွဲပေးလျက်ရှိပြီး ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ သီးခြားရက်များတွင်ငှားရမ်းလိုပါက RBE ရထား (တစ်စင်းလုံး) ၂၄ ဦး လိုက်ပါစီးနင်းနိုင်သည့် အထက်တန်းတွဲဖြင့် အသွား/အပြန်ခရီးစဉ်အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ကျပ်ခုနစ်သိန်းနှစ်သောင်းကျသင့်မည် ဖြစ်သည်။

ထို့အတူ ခရီးသည် ၁၅၀ နှင့်အထက် စီးနင်းနိုင်ရန် ရထားကြီးဖြင့် ထိုင်ခုံ ၃၀ ပါ အထက်တန်းတွဲ၊ ထိုင်ခုံ ၆၀ ပါ ရိုးရိုးတန်းတွဲနှင့် ဘရိတ်တွဲတို့ဖြင့် ချိတ်ဆက်၍ ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် ခရီးစဉ်အပြင် ဇီးပင်ကြီး၊ အနီးစခန်းနှင့် သုံးတောင်ဘူတာတို့မှ လိုက်ပါစီးနင်း လိုပါကလည်း ပြေးဆွဲပေးမည်ဖြစ်ရာ ပြင်ဦးလွင်-ဂုတ်ထိပ် - ပြင်ဦးလွင် အသွား/အပြန် ရိုးရိုးတန်း တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀နှင့် အထက်တန်း တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ ကျသင့်မည်ဖြစ်ပြီး အနီးစခန်းဘူတာမှ စတင်ပြေးဆွဲပေးခဲ့မှုအတွက် ရိုးရိုးတန်း တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀နှင့် အထက်တန်း တစ်ဦးလျှင် ငွေကျပ် ၃၅၀၀၀ ကောက်ခံပြေးဆွဲပေးခဲ့သည်။

အထက်ပါ နှုန်းထားများဖြင့် ရှုခင်းကြည့် Sight Seeing ခရီးစဉ်များအတွက် Package ဖြင့် RBE (သို့မဟုတ်) ရထားကြီး စင်းလုံးငှားရမ်းလိုပါက ၃ ရက်ကြိုတင်၍ ရုံပိုင်ကြီး (အထူးတန်း) ပြင်ဦးလွင်၊ ဖုန်း၀၉-၄၄၈၅၃၈၈၃၀ မှတစ်ဆင့် ဆက်သွယ်ငှားရမ်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



## နိုင်ငံတကာနှင့်ပူးပေါင်းပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်လျက်ရှိသည့် ရှေးဟောင်းအဆောက်အအုံများအား စစ်ဆေး

**ပုဂံ ဇန်နဝါရီ ၃၀**

ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့များနှင့်အတူ ဇန်နဝါရီ ၂၇ ရက်က ပုဂံယဉ်ကျေးမှုဒေသတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရှေးဟောင်းအဆောက်အအုံအမှတ်-၁၅၉၇ (သဗ္ဗညု) ဘုရား၊ ၁၆၇၀ (မဟာဗောဓိ)ဘုရားနှင့် ၅၀၅ (အရှေ့ကဿပ) ဘုရားတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ရှေးဟောင်းအဆောက်အအုံအမှတ်-၁၅၉၇ (သဗ္ဗညု)ဘုရားတွင် ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်နေသည့် တရုတ်ပညာရှင်အဖွဲ့က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြသသည်။

ထို့နောက် အိန္ဒိယနိုင်ငံ Archaeological Survey of India (ASI) အဖွဲ့က ထိန်းသိမ်းရေးဆောင်ရွက်နေသည့် ရှေးဟောင်းအဆောက်အအုံအမှတ်-၁၆၇၀ (မဟာဗောဓိ) ဘုရားနှင့် ရှေးဟောင်းအဆောက်အအုံအမှတ်-၅၀၅ (အရှေ့ကဿပ) ဘုရားတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **ဒီပါလင်း**



## စားအုန်းဆီဖြန့်ဖြူးရောင်းချမှု ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း စီမံခန့်ခွဲမှုကော်မတီဝင် ဦးမင်းမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဟင်္သာတခရိုင် စားသုံးသူရေးရာ ဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းနှင့် ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၇ ရက်က ဟင်္သာတမြို့နယ်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသည့် စားအုံးဆီအရောင်းဆိုင်များမှ အိမ်ထောင်စုအလိုက် စားအုန်းဆီဖြန့်ဖြူးရောင်းချမှုအပေါ် ညွှန်ကြားချက်များနှင့်အညီ ရောင်းချမှု ရှိမရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **ကျော်ဆန်းမြင့်**


## ဆီထွက်သီးနှံနေကြာစိုက်ပျိုးမှု ကွင်းဆင်းစစ်ဆေး

**ချောင်းဆုံ ဇန်နဝါရီ ၃၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ဒေသတွင်း စားသုံးဆီဖူလုံစေရေးနှင့် ဆောင်းသီးနှံစိုက်တောင်သူများ မျိုးကောင်းမျိုးသန့်များကို နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်းနေမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၂၈ရက်တွင် ခရိုက်နီှဟုကျေးရွာ ဆီထွက်သီးနှံနေကြာ ဧက ၃၅၀ အကွက်ကျယ် နေကြာစိုက်ကွက်များသို့ ကွင်းဆင်းကြည့်ရှုခဲ့သည်။

ချောင်းဆုံမြို့နယ်၌ ယနေ့အထိ ဆီထွက်သီးနှံ နေကြာဧက ၃၅၅၀၊ မြေပဲ ၁၀၁ဧကနှင့် နှမ်း ၃၃ ဧက စုစုပေါင်း ဆီထွက်သီးနှံ ၃၆၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ဆောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် ဆီထွက်သီးနှံ ၃၆၈၄ ဧက၊ နှမ်းစပါး ၁၀၅ ဧက၊ ပဲမျိုးစုံ ၅၈၆၄ ဧက ဆောင်းသီးနှံ စုစုပေါင်း ၉၆၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

**ကိုကျော်(ချောင်းဆုံ)**



## မော်လမြိုင်မြို့နယ်၌ တိုင်းရင်းသားရေးရာ အသိပညာပေးဟောပြော

**မော်လမြိုင် ဇန်နဝါရီ ၃၀**

တိုင်းရင်းသားရေးရာ အသိပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု



အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်တို့ကိုဆန်းစစ်စီမံခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက်က မော်လမြိုင်မြို့ ရိုးဂိုးကျေးရွာ မွန်ဓမ္မာရုံ၌ကျင်းပရာ မွန်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦးက ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးရေးအတွက် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်၍ စစ်တမ်းမေးခွန်းလွှာတွင် မိမိဒေသအတွက် အမှန်တကယ်ကိုက်ညီသည့် အချက်အလက်များကို စဉ်းစားဆုံးဖြတ်ပြီး ဖြေဆိုစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့်ဥပဒေ၊ နည်းဥပဒေများ စသည့် တိုင်းရင်းသားရေးရာအကြောင်းအရာများကို အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## သနပ်ပင်မြို့နယ်၌ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးဆွေးနွေး

**သနပ်ပင် ဇန်နဝါရီ ၃၀**

သနပ်ပင်မြို့နယ်၌ နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် အားနည်းသည့်ဒေသများတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး မြို့နယ်အဆင့် အသိပေးဆွေးနွေးခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၈ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆရာဝန်ကြီး ဒေါက်တာခွန်စောထွန်းက ကျေးရွာများသို့ ကွင်းဆင်း



ရာမှ ကြုံတွေ့ခဲ့ရသည့်အခက်အခဲများ၊ အားနည်းချက် အားသာချက်များကို ရှင်းလင်းဆွေးနွေးပြီး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့သည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ်အတွင်း တူကီယဲနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှ ဝင်ငွေစံချိန်တင်ရရှိ

**အစ္စတန်ဘူလ် ဇန်နဝါရီ ၃၀**

၂၀၂၅ ခုနှစ်အတွင်း တူကီယဲနိုင်ငံသို့ ခရီးသွား ၆၄ သန်း ဝင်ရောက်ခဲ့ပြီး ခရီးသွားလုပ်ငန်းမှ ဝင်ငွေ ၆၅ ဒသမ ၂ဘီလီယံ စံချိန်တင်ရရှိခဲ့သည်ဟု ခရီးသွားလုပ်ငန်းနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး မာမက်နူရီအာဆွိုင်းက ဇန်နဝါရီ ၃၀ ရက်တွင် ပြောကြားသည်။

ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သည့် အမျိုးမျိုးသော ကမ်းလှမ်းချက်များပြုလုပ်ခြင်း၊ အခြေခံအဆောက်အအုံများ တိုးတက်ခြင်းနှင့် ကမ္ဘာအနှံ့ ခရီးသွားလုပ်ငန်းဆွဲဆောင်နိုင်မှုများကြောင့် ခရီးသွားလုပ်ငန်းတွင် ခိုင်မာသည့်တိုးတက်မှုများ ရရှိခဲ့သည်ဟု အစ္စတန်ဘူလ်မြို့၌ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ဆက်လက်ပြောကြားသည်။

ညပိုင်း ပြတိုက်အစီအစဉ်ဖြင့် ပြတိုက်ဖွင့်လှစ်ချိန်ကို ပိုမိုရှည်ကြာစေပြီး ယဉ်ကျေးမှုအတွေ့အကြုံများကို ပေးစွမ်းခြင်းဖြင့် ဆန်းသစ်တီထွင်မှုများ ပြုလုပ်ခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။

ထို့ပြင် တူကီယဲ ခရီးသွားလုပ်ငန်း မီနီ-စီးရီး၏ အောင်မြင်မှုကို ထောက်ပြခဲ့သည်။ အဆိုပါ မီနီ-စီးရီး၏ အပိုင်းတစ်ပိုင်းတွင်ပင် ကြည့်ရှုသူ ၃၂ သန်း ရှိခဲ့သည်။ ကုလသမဂ္ဂခရီးသွား လုပ်ငန်းအဖွဲ့အစည်း၏ အချက်အလက်များကိုကိုးကား၍ တူကီယဲနိုင်ငံ၏ ခရီးသွားလုပ်ငန်း တစ်ကမ္ဘာလုံးဆိုင်ရာ အဆင့်သတ်မှတ်ချက် မြင့်တက်လာသည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၁၇ ခုနှစ်က တူကီယဲနိုင်ငံသို့ ခရီးသွားဝင်ရောက်မှုမှာ နံပါတ် ၈ နေရာမှ ၂၀၂၄ ခုနှစ်တွင် နံပါတ် ၄ နေရာသို့ ရောက်ရှိလာသည်ဟု သိရသည်။

**ဆင်ဟွာ**




တူရကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ ဂလက်တာ တာဝါအနီး ခရီးသွားများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်က တွေ့ရစဉ်။

# တိုယိုတာကားကုမ္ပဏီက ခြောက်နှစ်ဆက်တိုက် ကမ္ဘာ့ရောင်းအား အကောင်းဆုံးဖြစ်လာ

**တိုကျို ဇန်နဝါရီ ၃၀**

တိုယိုတာကားကုမ္ပဏီ၏ ကမ္ဘာ့ကားရောင်းအားသည် ခြောက်နှစ်ဆက်တိုက်အဖြစ် ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့ထိပ်တန်းရောင်းအား အကောင်းဆုံးဖြစ်လာခဲ့ပြီး ကားအစီးရေ ၁၁ ဒသမ ၃၂ သန်းကျော် ရောင်းချခဲ့ရသည်။

လွန်ခဲ့သောနှစ်ထက် ကားအစီးရေ ရောင်းအားသည် ၄ ဒသမ ၆ ရာခိုင်နှုန်းအထိမြင့်တက်လာခဲ့ပြီး ဂျာမန်ကားထုတ်လုပ်ရေးအုပ်စုဖြစ်သည့် ဖော့စ်ဝက်ဂွန်အုပ်စုကို ကျော်လွန်ခဲ့သည်။

ကားရောင်းအားသည် ဂျပန်နိုင်ငံတွင် ၁ ဒသမ ၅ သန်းကျော် ရောင်းချခဲ့ပြီး ယမန်နှစ်ထက် ၄ ဒသမ ၁ ရာခိုင်နှုန်းကျော်မြင့်တက်လာခဲ့ကာ အမေရိကန်တွင် ၂ ဒသမ ၅၁ သန်းကျော် ရောင်းချခဲ့ရပြီး ၈ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့သည်။

တရုတ်နိုင်ငံတွင် ၁ ဒသမ ၇၈ သန်းကျော် ရောင်းချခဲ့ရသည့်အတွက် ကုမ္ပဏီ၏ ကားရောင်းအားသည် တစ်နှစ်ပြီးတစ်နှစ် ၀ ဒသမ ၂ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့ပြီး အိန္ဒိယနိုင်ငံတွင် သုံးသိန်းခွဲကျော် ရောင်းချခဲ့ရသည့်အတွက် ၁၇ ဒသမ ၁ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့သည်။

ဂျပန်နိုင်ငံ တစ်ခုတည်း၌ ကားထုတ်လုပ်မှုသည် ၂၀၂၅ ခုနှစ်တွင် ၃ ဒသမ ၂၇ သန်းရှိပြီး ယမန်နှစ်ထက် ၄ ဒသမ ၇ ရာခိုင်နှုန်း တိုးလာသည်။

တိုယိုတာ၏ နှစ်စဉ်ကားထုတ်လုပ်မှုအစီးရေ သုံးသန်းရည်မှန်းချက်ကို ကျော်လွန်ရောက်ရှိလာခဲ့သည်။

**အင်န်အိတ်ချ်ကေ**




# နီပေါနိုင်ငံ၌ တစ်လအတွင်း ယာဉ်မတော်တဆမှုကြောင့် ၂၃၈ ဦး သေဆုံး

**ခတ္တမန္ဒူ ဇန်နဝါရီ ၃၀**

နီပေါနိုင်ငံတစ်ဝန်း တစ်လအတွင်း ယာဉ်မတော်တဆမှုဖြစ်ပွားသဖြင့် ကလေး ၁၅ ဦး အပါအဝင် လူပေါင်း ၂၃၈ ဦး သေဆုံးကြောင်း နီပေါရဲတပ်ဖွဲ့က ဇန်နဝါရီ ၂၉ ရက်တွင် ထုတ်ပြန်ထားသည်။

ဒီဇင်ဘာလလယ်မှ ဇန်နဝါရီလလယ်အတွင်း ယာဉ်ပေါင်း ၄၅၄၉ စီးပါဝင်သည့် ယာဉ်မတော်တဆမှုပေါင်း ၂၇၅၆ မှုဖြစ်ပွားရာ ဒဏ်ရာရရှိသူပေါင်း ၄၀၁၆ ဦးရှိရာ ၆၆၃ ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း၊ ယာဉ်မတော်တဆမှုဖြစ်ပွားရသည့် အဓိကအကြောင်းရင်းမှာ အရှိန်လွန်မောင်းနှင်ခြင်းကြောင့်ဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

နီပေါနိုင်ငံ၌ မော်တော်ဆိုင်ကယ်များသည် ၅၆ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ယာဉ်မတော်တဆမှုဖြစ်ပွားရခြင်း၏ အမြင့်ဆုံးအရေအတွက်တွင်ရှိနေပြီး ယင်းနောက် ကားကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားရခြင်းမှာ ၁၉ ဒသမ ၄၆ ရာခိုင်နှုန်း၊ ထရပ်ကားကြောင့် ၆ ဒသမ ၈၃ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း သိရသည်။

ရဲတပ်ဖွဲ့သည် ယာဉ်မောင်းနှင်သူနှင့် ဆိုင်ကယ်စီးနင်းသူ ၈၈၉၆၉ ဦးကို ယာဉ်စည်းကမ်းချိုးဖောက်မှုကြောင့် အရေးယူခဲ့ပြီး နီပေါရူပီး ၈၀ ဒသမ ၄၁ သန်း (အမေရိကန်ဒေါ်လာ ၅၄၆၈၇၆ ဒေါ်လာခန့်) ဒဏ်ငွေကောက်ခံခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# နေရပ်ပြန်ဆီးရီးယားများအတွက် အိမ်ရာများ ဆောက်လုပ်ပေးရေး ဘာရိန်းလူမှုကူညီရေးအဖွဲ့အစည်းနှင့် UNHCR တို့ သဘောတူလက်မှတ်ရေးထိုး

**ဒမတ်စကတ် ဇန်နဝါရီ ၃၀**

ဘာရိန်းနိုင်ငံ၏ တော်ဝင်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဖောင်ဒေးရှင်းနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့ ဆီးရီးယားနိုင်ငံတောင်ပိုင်းနှင့် မြောက်ပိုင်းရှိ နေရပ်ပြန်လာသူများအတွက် အိမ်ရာများ ပြန်လည်ထူထောင်ရေး အကူအညီပေးရန်အတွက် အမေရိကန်ဒေါ်လာ နှစ်သန်းတန် စာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်ဟု ဇန်နဝါရီ ၂၉ ရက်တွင် နိုင်ငံပိုင်မီဒီယာ၌ ဖော်ပြထားသည်။

ဖောင်ဒေးရှင်းနှင့် UNHCR တို့၏ သဘောတူညီမှုအောက်တွင် အဆိုပါပရောဂျက်သည် အလက်ပို အနောက်ဘက် ကျေးလက်ဒေသရှိ အယ်ဇာဘတ်မြို့နှင့် ဒမတ်စကတ်မြို့ ကျေးလက်ရှိ ဟာရတ်စတာမြို့တို့၌ အိမ်ရာများပြန်လည်တည်ဆောက်ရေးကို အဓိကထား ဆောင်ရွက်သွားမည်ဟု ဆာနားသတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

ပျက်စီးသွားသည့် တိုက်ခန်းပေါင်း ၄၇၀ ခန့်ကို ပြန်လည်တည်ဆောက်ပေးမည်ဖြစ်ပြီး လူပေါင်း ၂၃၅၀ အကျိုးခံစားခွင့်ရရှိမည်ဟု UNHCR ဆီးရီးယားပြောရေးဆိုခွင့်ရှိသူ စီလင်းရှမစ်က ပြောသည်။

အမျိုးသမီးဦးဆောင်ရသည့် မိသားစုနှင့်မသန်စွမ်းသူများ ပါဝင်သည့် မိသားစုများကို ဦးစားပေးသွားမည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အနောက်ဂျာဗားပြည်နယ်၌ မြေပြိုမှု သေဆုံးသူ ၅၆ ဦးအထိရှိလာ

**ဂျကာတာ ဇန်နဝါရီ ၃၀**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ် ကျီစာရူအာမြို့ မြေပြိုမှုဖြစ်ပွားပြီး ခြောက်ရက်မြောက်နေ့ ဇန်နဝါရီ ၂၉ တွင် နောက်ထပ်သေဆုံးသူသုံးဦးကို ပူးပေါင်းရှာဖွေရေးနှင့်ကယ်ဆယ်ရေးအဖွဲ့များက ထပ်မံဖော်ထုတ်တွေ့ရှိခဲ့သည့်အတွက် ယခုအခါ သေဆုံးသူပေါင်း ၅၆ ဦးအထိ ရှာဖွေဖော်ထုတ် နိုင်ခဲ့ပြီဖြစ်ကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေးအေဂျင်စီက ပြောကြားလိုက်သည်။

သေဆုံးသူများကို မည်သူမည်ဝါခွဲခြားနိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သေဆုံးသူများ အတည်ပြုရေးအဖွဲ့သို့ လွှဲပြောင်းပေးခဲ့သည်ဟု အမျိုးသားသဘာဝဘေး စီမံခန့်ခွဲရေးအေဂျင်စီဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဌာနအကြီးအကဲ အဗ္ဗဒူမူဟာရီက ပြောသည်။

ပေးပို့လိုက်သည့် သေဆုံးသူများအနက် ၄၀ ကို အတည်ပြုပေးပြီးနောက် မိသားစုများထံ ပြန်လည်ပေးပို့ခဲ့သည်ဟု မူဟာရီက ထုတ်ပြန်ချက်တွင် ထပ်မံဖော်ပြထားသည်။

နောက်ထပ်ပျောက်ဆုံးလျက်ရှိသည်ဟု ယုံကြည်ထားသည့် ၂၄ ဦးကို ဆက်လက်ရှာဖွေလျက်ရှိသည်။

မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းပြီးနောက် ဇန်နဝါရီ ၂၄ က ကျီစာရူအာမြို့၌ မြေပြိုမှုအများအပြားဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

**ဆင်ဟွာ**

# ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၅ ခုနှစ်အတွင်း မိုးကြိုးပစ်မှုကြောင့် ၄၅ ဦး သေဆုံး

**ဖနောင်ပင် ဇန်နဝါရီ ၃၀**

ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၅ ခုနှစ်အတွင်း မိုးကြိုးပစ်ခြင်းကြောင့် ၄၅ ဦး သေဆုံးကြောင်း သိရသည်။ အဆိုပါအရေအတွက်မှာ ၂၀၂၄ ခုနှစ်က သေဆုံးသူ ၆၈ ဦးရှိရာမှ ၃၃ ဒသမ ၈ ရာခိုင်နှုန်း လျော့နည်းသွားကြောင်း သဘာဝဘေးအန္တရာယ် ထိန်းချုပ်ရေးမှ ပြောရေးဆိုခွင့်ရှိသူက ဇန်နဝါရီ ၃၀ ရက်တွင် ပြောကြားသည်။

ယမန်နှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၌ မိုးကြိုးပစ်ခြင်းကြောင့် လူ ၅၈ ဦး ဒဏ်ရာရရှိပြီး တိရစ္ဆာန် ၇၁ ကောင် သေဆုံးကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပြောရေးဆိုခွင့်ရှိသူ Soth Kim Kolmony က ပြောကြားသည်။

အထူးသဖြင့် ကျေးလက်ဒေသများ၌ နေထိုင်သူများ မိုးကြိုးပစ်ခြင်းမှ ကြိုတင်ကာကွယ်ရန် မုန်တိုင်းတိုက်ခတ်ခြင်း သို့မဟုတ် မိုးရွာခြင်းဖြစ်ပွားနေချိန် နေအိမ်အတွင်း သို့မဟုတ် အမိုးအကာများတွင် နေထိုင်သင့်ကြောင်း ၎င်းက ဆင်ဟွာသို့ ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ မေလမှ အောက်တိုဘာလအတွင်း မိုးရာသီ၌ မိုးကြိုးပစ်ခြင်းများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
**(ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ လ ၃၁ ရက်)**

၁။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၈၃) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆု ထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“ က ” အက္ခရာမှ အစဉ်လိုက် “ ဥ ” အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၁၃) လုံးအား ခွဲဝေရောင်းချရာတွင် ထီစာအုပ် (**၁၀၆၃၆၃၄**) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ် သန်း (**၁၀၆၃၆.၃၄၀**) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (**၇၄၄၅.၄၃၈**) ဖြစ်ပါသည်။ (၈၂) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲမှ ဆုမဲတန်ဖိုးမပြည့်မီသည့် ကျပ် သန်း (**၀.၁၆၀**) အား ပေါင်းထည့်ဖွင့်လှစ်သွားမည်ဖြစ်သဖြင့် ခွဲဝေချီးမြှင့်ပေးမည့်ထီဆုငွေစုစုပေါင်းမှာ ကျပ်သန်း (**၇၄၄၅.၅၉၈**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ် သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) **အထူးဆုကြီး**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းနှစ်ထောင် | = | (၂) | ဆု |
| (၃) | ကျပ်သိန်းတစ်ထောင် | = | (၃) | ဆု |

(ခ) **ဆုတစ်ဆုချင်း**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | (၁၀) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | (၁၂) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၁၄) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၁၆) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၂၂) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၂၆) | ဆု |

(ဂ) **ဝေဝေဆာဆာပဒေသာဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သုံးသိန်း | = | (၅၀) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | (၁၀၀၀) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | (၁၀၀၀၀) | ဆု |
| (၄) | ကျပ်ငါးသောင်း | = | (၆၀၀၀၀) | ဆု |
| (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |

(ဃ) **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀.၀၀၀) မှ ချီးမြှင့်သည့်ဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| (၂) | ကျပ် သုံးသိန်း | = | (၂၀) | ဆု |
| (၃) | ကျပ် နှစ်သိန်း | = | (၂၀၀) | ဆု |
| (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

၄။ **(၃၁) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်း ရောင်းရငွေအပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၈၃) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၂-၂၀၂၆) ရက်နေ့ (တနင်္ဂနွေနေ့) ၊ နံနက် (၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၃၁) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆု ထီဖွင့်ပွဲကို မွန်းလွဲ (၁၄:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆)၊ ခေါင်မိုးဟိန်းလမ်း၊ မြေကွက်အမှတ် (၃၈၂)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်ခင်မြင့် (၁၂/လမန (နိုင်) ၀၇၂၀၇၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်မြင့် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဦးဇော်ထွန်းအောင်**
**LL.B, D.B.L, D.M.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅)

ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၇၇ ၇၁၁ ၃၀၈

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၃ယ/၂၆၄၉၆, Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်လှိုင် ၉/တကန(နိုင်) ၁၁၅၁၈၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြ ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/4669, Canda 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးညီပု ၈/သရန(နိုင်)၀၅၉၄၀၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သရက်)**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ကမ်းနားလမ်း၊ မင်္ဂလာဆင်မင်းအိမ်ရာ၊ တိုက်အမှတ် (၂)၊ အခန်းအမှတ် (၀၀၆) အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးနိုင်ဝင်းခိုင် ၁၂/ပဘတ(နိုင်)၀၀၀၃၁၀ ထံမှ ဆက်စပ်စာချုပ်များဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်နှင်းယုယုကြူ ၁၂/ရကန(နိုင်)၀၆၃၅၇၂ က အိမ်ပေါ် တက်ရောက်နေထိုင်ခွင့် အကြောင်းကြား စာမူရင်းပျောက်ဆုံးနေကြောင်း တင်ပြ၍ တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းကို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန**

### မြေကွက်များ ဈေးမှန်ပေး၍ ဝယ်လိုပါသည်

ဒဂုံမြောက်ပိုင်း၊ ဒဂုံအရှေ့ပိုင်း၊ ဒဂုံတောင်ပိုင်း၊ ဒဂုံဆိပ်ကမ်း၊

**ဖုန်း-၀၉-၄၃၀၃၁၉၉၈၊ ၀၉-၅၁၂၈၈၃၄**

### အမှားပြင်ဆင်ချက်

၃၀-၁-၂၀၂၆ရက်နေ့ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၈) ပါ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်းတွင် ဦးစိုးဝင်း(ဘ) ဦးရွှေဘို၏ မှတ်ပုံတင်နံပါတ်အား ၉/လဝန(နိုင်)၁၀၉၇၉၇ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၁၈၊ မြေကွက်အမှတ် (၉၀၇)၊ ပိတောက်လမ်း၊ အလျားပေ၄၀x အနံပေ ၆၀ရှိပြီး၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန၌ ဦးမြ(CE-၀၆၇၅၀၇) အမည်ဖြင့် မှတ်သားတည်ရှိသည့် မြေချပါမစ်(မူရင်း)မြေအမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် ရောင်းချသူဖြစ်သော ဦးစိုးမင်းချိန်(၇/ညလပ(နိုင်)၀၀၀၄၈၈)က တရားဝင်ပိုင်ဆိုင်လက်ရှိဖြစ်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဒေါ်မိုးသူ(၁၂/ဒဂမ(နိုင်)၀၄၅၄၇၆)က ဦးစိုးမင်းချိန်ထံမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။အထက်ပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်၊ ဆိုင်ရေးဆိုင်ခွင့် ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်မိုးသူ(၁၂/ဒဂမ(နိုင်)၀၄၅၄၇၆)

လွှဲအပ်ညွှန်ကြားချက်အရ
ဦးစိုးမင်းနိုင်(စဉ်-၁၇၀၈၂)
တရားလွှတ်တော်ရှေ့နေ

အမှတ်-၁၁၈၊ပန်းဥယျာဉ်လမ်း၊(၅)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၄၂၅၁၃၇၉၊ ၀၉-၇၆၅၁၇၆၇၄၆

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 28W/46917, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဟွေဆိုင်း ၁၃/မကန (နိုင်) ၀၆၂၇၉၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/58974, Honda C90 Custom CMV ယာဉ်လက်ဝယ်ရှိသူ ဦးသော်တာအောင် ၉/ခမစ(နိုင်)၀၅၉၂၆၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၂၄/မင်္ဂလာ၊ ဦးပိုင်အမှတ် (၆ခ)၊ ဧရိယာ (၀ဒသမ၀၁၅)ကေရှိ ဦးအောင်ဝင်း အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်စန်းမွှေး(ခ) ဒေါ်ညွှန့်ရီမွှေး ၇/ရတရ(ဧည့်)၀၀၀၀၈၅ မှ ပျဉ်းမနားမြို့နယ်မြေစာရင်းဦးစီးဌာန၏ ရုံးအမိန့်အမှတ် (၉/၂၀၀၃-၂၀၀၄)၊ အရောင်းအဝယ်စာချုပ်အမှတ် (၃၅/၂၀၀၃)၊ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင် ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ် (၁၃၁)၊ ဦးပိုင်အမှတ်(၁၇-ဆ+၁၈-ခ)အတွင်းမှ (၁၈-ခ) ခဲစင်း၊ ၈၈(B) လမ်း၊ ၁၈ x ၁၉ လမ်းကြားရှိ ဒေါ်ခင်ရွှေအမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၄၁၃၆/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ခင်မြရွှေ ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၇၃၄/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မိုးမိုးအေး ၉/အမဇ(နိုင်)၀၁၀၈၀၂က အမှုတွဲအမှတ် (၀၅၂၀/ဘခွဲ(ပြောင်း)/၂၀၂၅-၂၀၂၆) ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

မြန်မာ့အလင်း

စနေ၊ ဇန်နဝါရီ ၃၀၊ ၂၀၁၆

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးဥပဒေအမိန့်– ၅၊ နည်းဥပဒေ – ၂၀**

**မရမ်းကုန်းမြို့နယ်တရားရုံး**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၁**

ဦးမြင့်စိုး နှင့် ၁။ ဦးမျိုးမြင့်ဇော်
၂။ ဦးစိုးနိုင်

တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ် ရပ်ကွက်၊ (၁၅) ရပ်ကွက် (ခွဲ)၊ ကုန်းဘောင်လမ်း၊ အမှတ် (၂၆)၊ အခန်းအမှတ် (၂၀၂)နေ (၁)ဦးမျိုးမြင့်ဇော် (ယခုနေရပ်လိပ်စာမသိ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ထောက်ကြန့်–မင်္ဂလာဒုံမြို့နယ်၊ ရဲစုတောင်၊ ရန်ကင်းလမ်း၊အမှတ် (၁၇) နေ (၂) ဦးစိုးနိုင် (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "မော်တော်ယာဉ်ပျက်စီးမှုအတွက် ပြုပြင်ကုန်ကျငွေ ၃၈၀၀၀၀၀ိ/ (ငွေကျပ်သုံး ဆယ့်ရှစ်သိန်းတိတိ)နှင့် နစ်နာကြေးငွေ ၁၀၀၀၀၀၀ိ/(ကျပ်သိန်းတစ်ဆယ်တိတိ) စုစုပေါင်းငွေကျပ် ၄၈၀၀၀၀၀ိ/–/ (ငွေကျပ်လေးဆယ့်ရှစ်သိန်းတိတိ)ရလိုကြောင်း" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆုတ် (၁၀) ရက်) မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာ ရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့် သက်ဆိုင်သော စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည် သို့မဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က ထည့်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နန်းအိသန္တာချော)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
မရမ်းကုန်းမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်းအမှတ်/အမည်– RA IV/ ကွက်ပြင် (၄)၊ ဦးပိုင်အမှတ်–၇၄–ဈ–၂၊ ဧရိယာ (၀.၀၅၇) ဧကရှိ ဂရန်မြေကွက်အား ဦးတင်ဆွေ (၉/မနတ(နိုင်)၀၈၀၄၀၅)က မြေငှားဂရန် သက်တမ်းတိုးပေးပါရန် လျှောက်ထား လာသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၄) ရက် အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင်ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့၊**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်းအမှတ်/အမည်– ၁/ပဒေသာ၊ ဦးပိုင်အမှတ် (၁/၁၇)၊ ဧရိယာ (၀.၁၁၀)ဧကရှိ ဂရန်မြေကွက်အား ဦးအောင်စည်ဟိန်း (၉/မရန(နိုင်)၀၅၅၀၈၃) နှင့် ဒေါ်အေးအေးမွန် (၅/ခဥန(နိုင်)၀၅၃၄၁၁) တို့က မြေငှားဂရန်အမည်ပြောင်းပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ (၁၄) ရက်အတွင်း အထောက် အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန သို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်း များနှင့်အညီ ပြီးစီးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၅၄)၊ အင်ကြင်းလမ်း၊ မြေကွက်အမှတ် (၁၁၉၁/က) အကျယ်အဝန်း (ပေ၂၀xပေ၆၀)ရှိ ဦးဝင်းညွန့် (၁၂/ဥကမ(နိုင်)၀၀၇၇၉၄) အမည်ပေါက် ပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ထံမှအရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူထားပြီး လက်ဝယ် ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးကြည်အောင်ဇင် (၉/ပဥလ (နိုင်)၀၁၈၂၇၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝေဇင်ထွန်း (၁၂/ဥကတ(နိုင်) ၁၆၉၁၄၃)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မေသူစိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၁၇၈၆၄)**
**အမှတ်–၂၉၊ ရန်ပြေ ၁၈ လမ်း၊ ၃ ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉–၄၂၁၁၁၆၄၀၈**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၉)၊ လူနေရပ်ကွက်အမှတ် (၁၉)၊ ခိုင်သဇင်လမ်း၊ မြေကွက်အမှတ် (၃၉၇/ခ)၊ အကျယ်အဝန်း (၂၂ပေxပေ၆၀)၊ စတုရန်းပေ (၁၃၂၀)၊ ဧက (၀.၀၃၀)ရှိ ဒေါ်သောင်းတင် (DKU–၀၄၁၆၁၆) (၁၂/ဗဟန(နိုင်)၀၁၄၈၂၉) အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဖော်ပြပါအမည်ပေါက်သူထံမှ ဒေါ်ခင်ခင် အေး (ခ) တင်တင်အေး (၁၄/ဘကလ(နိုင်)၁၄၃၆၄၅)က ဝယ်ယူခဲ့ပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်ခင်မွေး (၁၂/သဃက(နိုင်)၁၆၉၅၂၉) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လို ပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံး သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးတင်ကိုလှိုင်**
**တရားလွှတ်တော်ရှေ့နေ (စဥ်– ၁၉၆၀၉)**
**(LL.B, DIPL)**
**အမှတ် (၄၄၈/ခ)၊ မင်းခေါင်လမ်း၊ (၇၀) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉–၂၅၀၉၇၁၇၂၉၊ ၀၉–၇၅၈၁၄၉၉၇၃**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဆီဆိုင်မြို့နယ်၊ ပန်အွန်းကျေးလက်ကျန်းမာရေးဌာန(ခွဲ)တွင် တာဝန်ထမ်းဆောင်နေသော သားဖွား ဆရာမ ဒေါ်နန်းပိုင်ပိုင်လတ် (ခ) နန်းမိပိုင် (၁၃/ဆဆန(နိုင်)၀၇၇၆၂၁) မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးစိုးဆက်မော်–ဒေါ်သွယ်သွယ်ဖြိုးတို့၏သား ညောင်ရွှေမြို့၊ အ.ထ.က၊ ဟဲယာရွာမ၊ Grade–3 မှ မောင်နေသူရိန်ဖြိုးအား ယနေ့မှစ၍ မောင်ဝေယံဟိန်းထက် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်ပြောင်း

(ဘ) ဦးဝင်းအောင်၏သမီး တောင်ကြီးမြို့၊ စိန်ပန်းရပ်ကွက်၊ စကားဝါလမ်း၊ အိမ်အမှတ် (စ/၂၁၃) နေ မထက်ထက်ဝိုင်း (၁၃/တကန (နိုင်)၂၅၄၆၀၂) အား ယနေ့မှစ၍ မခေတ်ကျော့ကျော့စံ ဟု ပြောင်းလဲ ခေါ်ပါရန်။

## ပတ်စ်ပို့ပျောက်

ဆီဆိုင်မြို့၊ ဥယျာဉ်(နောက်)၊ ဘန်းယဉ် (၁) ကျေးရွာနေ (ဘ) ဦးရန်ရှောက်ရင်၏သမီး မဖြူဖြူထွေး (၁၃/ဆဆန(နိုင်)၁၂၁၇၇၃)၏ နိုင်ငံကူး လက်မှတ်အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉ – ၆၉၈၉၄၉၀၃၇**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၃)၊ မြေတိုင်းရပ်ကွက် အမှတ်(၄၇)၊ ရွာမရပ်၊ ဦးပိုင်အမှတ် (၃၉)၊ ဧရိယာ (၀.၁၀၆) ဧကရှိ မြေကွက်၏ မူရင်းဂရန်မှာ ပျောက်ဆုံးသွားပါ၍ ဂရန်အသစ်ထပ်မံ ပြုလုပ်မည် ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တောင်ကြီးခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားများ ယူဆောင်လာ၍ (၁၅) ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးမဟာဂျာ (၁၃/တကန(နိုင်)၂၁၄၀၃၃)**
**ဖုန်း–၀၉–၅၂၁၆၅၂၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(ဋ္ဌ)၊ မြေကွက်အမှတ် (၃၀ ၂ ဒ္ဒ )၊ ဦးမောင်ဟံ(ခ)ဦးမြဟန် (AD–၀၂၆၂၀၃) အမည်ပေါက် နှစ် (၆၀) ဂရန်မြေအမျိုးအစား မြေကွက်၊ အကျယ်အဝန်း ပေ(၂၀ x၆၀) ရှိအမှတ်(၃၀၂)၊ မေတ္တာ (၄) လမ်း၊ (ဋ္ဌ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိ ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဦးခင်မောင်ချော (၁၂/ဥကမ(နိုင်) ၀၃၀၄၃၂) နှင့် ဒေါ်ခင်ဝင်း (၁၂/ဥကမ(နိုင်)၀၃၀၄၂၆) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီး အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ –** |
| **ဒေါ်မေလတ်ခိုင်** | **ဒေါ်ယဉ်ယဉ်သူ (LL.B)** |
| **၁၄/ဟသတ(နိုင်)၀၀၃၁၀၉** | **အထက်တန်းရှေ့နေ(စဥ်–၂၅၈၃၂/၂၀၀၇)** |
| | **ဖုန်း – ၀၉–၇၆၄၈၅၂၈၇၉၊** |
| | **၀၉–၇၇၇၀၀၄၉၈၁** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်းမြို့နယ်)၊ မြေတိုင်းရပ်ကွက် အမှတ် (၁၈/က)၊ မြေကွက်အမှတ် (၃၅၃)၊ မဉ္ဇူလမ်း၊ အလျားပေ(၄၀) အနံပေ (၆၀) ရှိ ဒေါ်ရင်ရွှေ အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်အနက်မှ တရားဝင် ခွဲစိတ်ထားခြင်းမရှိသေးသော မြေရင်းဘက်ခြမ်းရှိ ဧရိယာ အလျား ပေ(၂၀)၊ အနံ ပေ (၆၀) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နှစ်ထပ်တိုက်နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လက်ဝယ်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဖြူဖြူခိုင် (၁၁/ရဗန(နိုင်)၀၈၁၉၉၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူ မည်သူမဆို ပိုင်ဆိုင်မှုဆိုင်ရာ စာရွက်စာတမ်းမူရင်းများနှင့်အတူ ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဦးဥက္ကာဗိုလ်(LL.B)**
**အထက်တန်းရှေ့နေ (စဥ်–၅၃၆၁၅)**
**အမှတ် (၁၃၇)၊ ပါရမီလမ်း၊ ရဲစုတောင်ရပ်ကွက်၊ ထောက်ကြန့်မြို့၊**
**ဖုန်း–၀၉–၈၉၇ ၁၀၆၃၀၂**

## ဇနီးမယားအဖြစ်မှစွန့်လွှတ်ကြောင်း အများသိရှိစေရန်ကြေညာချက်

ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့၊ အမှတ် (၃) ရပ်ကွက်၊ မင်းလမ်း၊ အမှတ် (M–၉၈)တွင် နေထိုင်သော မိုဟာမ္မဒ်အိုမရ်ခါးန် (ဘ)ဦးအေးသိန်း ၇/ပခန(နိုင်) ၃၅၃၈၇၀ မှ အောက်ပါအတိုင်း တင်ပြလျှောက်ထားအပ်ပါသည်–

ကျွန်တော် ဦးအောင်မျိုးသိန်းသည် ဇနီးဖြစ်သူ ဒေါ်ဖရီဒါဘီ ၇/ဖခန(နိုင်) ၃၅၂၈၈၆ နှင့် (၂၀–၂–၂၀၁၃)ရက် (ဗုဒ္ဓဟူးနေ့)တွင် အစ္စလာမ်သာသနာ့ တရားတော်နှင့်အညီ နေကာဟ်မင်္ဂလာစာချုပ်" အား ပြုလုပ်၍ ထိမ်းမြား လက်ထပ်ခဲ့ပြီး သား (၃) ဦး ထွန်းကားခဲ့ပါသည်။

ယခုအခါ ဇနီးဖြစ်သူ ဒေါ်ဖရီဒါဘီမှာ မိမိ၏ခင်ပွန်း၊ သားသမီးများအပေါ် တွင် ကိုယ်စိတ်နှစ်ပါး စိတ်ဆင်းရဲစေရန် ကြိမ်ဖန်များစွာ ပြုလုပ်၍ မိမိသဘော ဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားသည်မှာ (၉) လကျော်ခန့်ရှိပြီး ဆက်သွယ်၍ လည်းမရသဖြင့် ယနေ့မှစ၍ ကျွန်တော် မိုဟာမ္မဒ်အိုမရ်ခါးန်၏ ဇနီးမယား အဖြစ်မှ ဒေါ်ဖရီဒါဘီအား စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်းနှင့် နောက်နောင် ဒေါ်ဖရီဒါဘီနှင့်ပတ်သက်၍ မည်သည့်ကိစ္စနှင့်မျှမပတ်သက်ပါကြောင်း၊ ၎င်းနှင့် ပတ်သက်၍လည်း မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိုဟာမ္မဒ်အိုမရ်ခါးန်**
**၇/ပခန(နိုင်)၃၅၃၈၇၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – အောင်ချမ်းသာတိုးချဲ့၊ မြေကွက် အမှတ် (၄၈၅)ဟုခေါ်တွင်သော အလျားxအနံပေ (၄၀x၆၀) အကျယ်ရှိ ဦးမောင်မောင်မြင့် အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးချစ်ကိုကိုလတ် (၃/ဘအန(နိုင်)၃၈၃၈၇၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ချိုထက် (၁၄/ဇလန(နိုင်)၁၂၇၅၆၉)က ပြန်လည်ဝယ်ယူ ရန်အတွက် ၎င်းအား စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်း မူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇာနည် (LL.B., DBL, DIPL) (စဥ်– ၁၄၆၆၈) ဒေါ်အိအိမော် (ခ) အိသဥ္ဇာအောင် (LL.B,DIPL) (စဥ် – ၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း – ၀၉–၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(သကမ–၁၆)၊ မြေကွက်အမှတ် (၉၃၉/ခ)၊ အကျယ်အဝန်းဧရိယာပေ(၂၀ x ၆၀) ရှိ (ယခုအခေါ် အမှတ် (၉၃၉/ခ)၊ ဗညားဒလလမ်း၊ ၁၈–ရပ်ကွက်၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သော ဦးအောင်ကျော်မြင့်(ခ)ဦးမြင့်ငွေ အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ နေအိမ်အပါအဝင် ရေ+မီးစုံ အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းကသာလျှင် တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဦးဇော်မျိုးလင်း (၁၂/လသယ(နိုင်)၀၆၄၂၈၀) ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက် မှစ၍ (၇) ရက်အတွင်း အထက်ပါအိမ်ခြံမြေနှင့်ပတ်သက်သည့် ပိုင်ဆိုင်မှု အထောက်အထား စာချုပ်/ စာရွက်စာတမ်း မူရင်း၊ ပါမစ်ဂရန်မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန် ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ရွှေဇင်အိ (LL.B, D.B.L., D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၁၈၇၉၂/၂၀၂၃)**
**တိုက် (၃၉၀/၄)၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၄၂၀၀၉၇၀၇၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ တိုက်အမှတ် (၂၃)၊ အခန်း (၀၀၄) ဟုခေါ်တွင်သော ဒေါ်ယဉ်မင်းမြင့်ဆွေ (၉/မထလ(နိုင်)၀၀၈၁၉၆) အမည်ပေါက်ပိုင်ဆိုင်သည့် အကျယ်အဝန်း (၂၅ ပေ x ၃၅ ပေ)ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို ဆက်စပ် စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်နှင့် အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဦးအောင်နိုင်ဝင်း (၁၀/မလမ(နိုင်)၀၂၁၀၂၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်လင်းဦး (၉/မခန(နိုင်)၁၂၁၄၉၄)က ဝယ်ယူရန် အတွက် ရောင်းဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ယင်းတိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ် ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိသန္တာအောင် LL.B, D.I.P.L**
**အထက်တန်းရှေ့နေ (စဥ်–၅၅၂၀၃)**
**အမှတ် (၂၅)၊ ရွှေဥဒေါင်းလမ်း၊ ကမ်းနားအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**Ph–09–688131180, 09–951525881**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၆–သမိုင်း)၊ မြေကွက်အမှတ် (၃၃/ခ–၃.B + ၃၃/ခ–၃.A)၊ မြေဧရိယာ (၀.၁၅၅)+(၀.၀၆၈)ဧက+ (၃၃/ခ–၃.C) ၊ မြေဧရိယာ (၀.၀၀၇) ဧက အကျယ်အဝန်းရှိလမ်းမြေ မြေပိုင်မြေ လ/န ၃၉ ရပြီး အမျိုးအစား မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ပူးတွဲအမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော ဒေါ်အေးအေးဆွေ(ဘ)ဦးချစ်ဆွေ(ဂျေ/အာရ်ဂျီအင်န်–၀၅၆၀၅၆)၊ (၁၂/မရက (နိုင်)၀၈၅၀၆၉) နှင့် ဒေါ်ခိုင်သီတာဆွေ(ဘ)ဦးချစ်ဆွေ (ဂျေ/အာရ်ဂျီအင်န်–၀၄၄၁၀၄)၊ (၁၂/မရက(နိုင်)၁၃၃၈၈၄)၊ အမှတ် (၃၃–B/၃)၊ မလိခလမ်း၊ ၇–ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူများထံမှ ဝယ်ယူရန် စရန်ငွေပေး ချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အဆောက်အအုံ အရောင်းအဝယ် ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P, LL.B,D.M.L )** |
| **တရားလွှတ်တော်ရှေ့နေ၊ စဥ်/၁၆၁၉၆** | **တရားလွှတ်တော်ရှေ့နေ၊ စဥ်/၇၅၁၅** |
| **ဖုန်း –၀၉–၅၁၇၁၄၃၃** | **ဖုန်း–၀၉–၂၅၄၄၈၈၃၃၀** |

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၈)၊ မြေကွက်အမှတ်(၁၅၉+၁၆၀)၊ မြေဧရိယာ (၀.၀၅၅+၀.၀၅၅) ဧကအကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံ ခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကျန်းပျင်ရှန်း (၉/မရမ(နိုင်)၀၆၈၀၁၆)ထံမှ စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူ ထားသူ ဦးကျော်နိုင်ဦး (ဘ) ဦးကျော်မြင့် (၁၂/မရက(နိုင်)၁၃၃၉၅၈)၊ အမှတ် (၁၉၉)၊ ဗိုလ်နက်ကျော်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူထံမှ ဝယ်ယူရန် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အများ သိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P, LL.B,D.M.L )** |
| **တရားလွှတ်တော်ရှေ့နေ၊ စဥ်/၁၆၁၉၆** | **တရားလွှတ်တော်ရှေ့နေ၊ စဥ်/၇၅၁၅** |
| **ဖုန်း –၀၉–၅၁၇၁၄၃၃** | **ဖုန်း–၀၉–၂၅၄၄၈၈၃၃၀** |

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ယာဉ်အမှတ် 4S/2382, HYUNDAI H1 , MINI BUS (4X2)(L) ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာစိုး ၁၃/မဆတ(နိုင်)၁၅၈၇၈၂က မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(သာယာဝတီ)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 49W/18585/Honda Dream–125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သူးမြာ ၂/ဒမဆ(နိုင်)၀၄၁၃၁၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး**
**(လွိုင်ကော်)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/50128, Luojia–110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်တင် ၁၄/ပသန(နိုင်) ၁၈၀၃၇၆ က ယာဉ်မှတ်ပုံတင် စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံ သော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပြည်မြို့နယ်တရားရုံးတော်၌**
**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁**

ဒေါ်ယမင်းခင် နှင့် ဦးကျော်ကိုကို
(တရားလို) (တရားပြိုင်)

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ မင်္ဂလာဦးရပ်၊ မင်္ဂလာဦးဘုရားအနီး၊ မေတ္တာလမ်းနေ ဦးကျော်ကိုကို (ဘ)ဦးမြင့်လှိုင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

